The Agribiz News
ကြေးမုံ ဦးမှုနဲ့ သတင်း
www.agribiznews.com.mm
e-Paper-0028
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်



# အသေးစား အငယ်စားနှင့်အလတ်စား စက်မှုလုပ်ငန်းများ အားပြုစရာ ဂျုံ

ကိုရင်အောင်မိုး

စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံ၌ နိုင်ငံ့လူဦးရေ အများဆုံး နေထိုင်ရာ ကျေးလက်ဒေသများ၏ အဓိကကုန်ထုတ်လုပ်ငန်းသည် လယ်ယာကဏ္ဍကို အခြေခံလျက်ရှိနေသော်လည်း ပြည်ပမှ တင်သွင်းသော စားသောက်ကုန် လူသုံးကုန်များကို များစွာမှီခိုနေရဆဲဖြစ်ရာ ပြည်တွင်း စားရေရိက္ခာဖူလုံရေး နှင့် နိုင်ငံခြားငွေသုံးစွဲရမှု လျှော့ချနိုင်ရေး အတွက် နိုင်ငံတော် အစိုးရက သီးနှံအမျိုးအစားအလိုက် အထွက်နှုန်းမြှင့်တင်နိုင်ရေး နှင့် စိုက်ဧရိယာတိုးတက်ရေး ကို အလေးထား စီမံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆန်စပါးပြီးလျှင် စားသုံးမှု အများဆုံးသီးနှံတစ်မျိုးဖြစ်သည့် ဂျုံသီးနှံ စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေးလည်း ပါဝင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ရှေးယခင်က မိမိတို့ နိုင်ငံတွင် ဂျုံစားသုံးမှုအနေဖြင့် ပေါင်မုန့်၊ ကိတ်မုန့်၊ ပေါက်စီ ၊ ဘီစကစ် နှင့် လူတန်းစား အလွှာစုံ စားသုံးသည့် ရွှေကြည်၊ ခေါက်ဆွဲသုပ်၊ ခေါက်ဆွဲကြော်များကိုသာ အသုံးပြုမှု များပြားခဲ့သော်လည်း ဆယ်စုနှစ်အနည်းငယ်အတွင်း၌ အသင့်စား ခေါက်ဆွဲထုပ် စားသုံးခြင်း တွင်ကျယ်လာမှုနှင့်အတူ မာလာရှမ်းကော၊ မာလာမောက်ချိုက် အပါအဝင် ချက်ပြုတ်နည်းမျိုးစုံ၊ စားသုံးသည့် ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ခေါက်ဆွဲစားသုံးမှု များစွာတိုးတက်လာသည်ကို သတိပြုမိကြမည်ဖြစ်သည်။ ယင်းသို့ စားသောက်မှုပုံစံ ပြောင်းလဲလာမှုနှင့်အတူ ဂျုံအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs)လုပ်ငန်းများက ထုတ်လုပ်သည့် စားသောက်ကုန် အများအပြား ဈေးကွက်ဝင် လာသကဲ့သို့ စားသုံးမှုပမာဏသည်လည်း တစ်နေ့တခြား တိုးပွားလာလျက်ရှိနေသည်။

ပြည်တွင်းဂျုံသီးနှံထုတ်လုပ်မှုအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ၆ ခုတွင် ဧက ၁၂၆,၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး စုစုပေါင်းဂျုံအထွက်တင်း ၂,၉၇၀,၀၀၀ (၂ ဒသမ ၉၇ သန်း)ကျော် ထွက်ရှိကာ ဂျုံမှုန့်တန်ချိန် ၇၂၇,၀၀၀ ကျော် ကို နှစ်စဉ်ထုတ်လုပ်လျက် ရှိနေသော်လည်း ကမ္ဘာ့ဂျုံတင်သွင်းသည့် နိုင်ငံ ၁၂၅ နိုင်ငံတွင် မြန်မာနိုင်ငံက ၆၉ နိုင်ငံမြောက် ဂျုံအများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်နေခြင်းက ပြည်တွင်းဂျုံလိုအပ်ချက်ကို သိသာထင်ရှားစေလျက်ရှိသည်။

သို့ဖြစ်၍လည်း ဖေဖော်ဝါရီ ၆ ရက်နေ့ က မြန်မာနိုင်ငံဂျုံစက်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များကိုဖိတ်ကြားပြီး နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမတွင် ဂျုံအခြေခံသည့် စားသောက်ကုန်များ ထုတ်လုပ်ရန် အရည်အသွေးကောင်း ပြည်တွင်းထုတ် ဂျုံမျိုးများ တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က ဦးဆောင်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ညှိနှိုင်းဆွေးနွေးပွဲ မကျင်းပမီ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနတာဝန်ရှိသူများ၊ ဂျုံသီးနှံ ပညာရှင်များ၊ သုတေသီများက ပြည်တွင်း ဂျုံမျိုးများဖြင့် ထုတ်လုပ်ထားသည့် ပေါင်မုန့်၊ ပေါက်စီနှင့် ဂျုံအခြေခံစားသောက်ကုန် နမူနာများကိုပြသကာ ဂျုံမျိုးအလိုက် စားသုံးမှု အရည်အသွေးကို ဂျုံစက်လုပ်ငန်းရှင်များအား လက်တွေ့မြည်းစမ်းနိုင်ကြစေရန် စီစဉ်ပေးထားသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး၏ အဓိကဆွေးချက်အနေဖြင့် ပြည်တွင်း စားသုံးသူများ ကြိုက်နှစ်သက်သော အရည်အသွေးနှင့် အနံ့အရသာ ကောင်းမွန်သည့် ဂျုံမျိုးများကို နှစ်အလိုက်တိုးချဲ့စိုက်ပျိုး၍ ဂျုံစေ့၊ ဂျုံမှုန့်များ တိုးမြှင့်ထုတ်လုပ်ရေး ဆောင်ရွက်ရာတွင် တောင်သူများ

စာ-၂ သို့

မွေးမြူရန် မသင့်သည့် ငါးမျိုးများ......
စာ-၈

အထွက်တိုးမည့် အောင်နိုင်တိုးစပါးမျိုး....
စာ-၁၆

မျက်နှာဖုံးမှ-



ခင်းကျင်းပြသထားမှုများကို မြန်မာနိုင်ငံဂျုံစက်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များကြည့်ရှုလေ့လာကြစဉ်

စိုက်ပျိုးထုတ်လုပ်လိုက်သည့်ဂျုံကိုဝယ်ယူမည့်ဈေးကွက်သေချာစေရန် ဂျုံစက်လုပ်ငန်းရှင်များနှင့် ပဏာမ ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များလိုအပ်သည့် ဂျုံအမျိုးအစားနှင့် လိုအပ်ချက်ပမာဏကို သိရှိမှသာ မျိုးပွားခြင်း၊ မျိုးဖြန့်ခြင်း နှင့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ် နိုင်ရေး လုပ်ငန်းများကို စီမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် လုပ်ငန်းရှင်များအတွက် အမှန်တကယ် အကျိုးရှိစေပြီး ရေရှည်ဖွံ့ဖြိုးသည့် စီမံဆောင်ရွက်မှုဖြစ်မှသာ ပြည်ပမှ ဂျုံကုန်ကြမ်းမှီခိုမှုကင်းသော အခြေအနေကို ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ဂျုံစက်လုပ်ငန်းရှင်များ လက်တွေ့ မြည်းစမ်းထားကြသည့် ပြည်တွင်းဂျုံမျိုးအလိုက် စားသုံးမှု အရည်အသွေးကို လွတ်လပ်ပေါ့ပါးစွာ အားမနာစတမ်း သဘောထား မှတ်ချက်ပေးကြရန်နှင့် အသုံးပြုလိုသည့် အခြားဂျုံမျိုးကို သဘောထားမှတ်ချက်ပေးမည်ဆိုပါကလည်း ပြည်တွင်း၌ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား သည်။

လုပ်ငန်းရှင်များ၏ တင်ပြချက်များကို အနှစ်ချုပ်လေ့လာကြည့်ပါက ပြည်ပမှတင်သွင်းသော ဂျုံကုန်ကြမ်းများမှာ ဖုန် သဲ ခဲကင်းစင်ပြီး ကုန်ကြမ်းအရည်အသွေးတည်ငြိမ်မှုရှိသဖြင့် ထုတ်လုပ်မှု၏ ၇၀ရာခိုင်နှုန်းခန့်ကို တင်သွင်းအသုံးပြုရခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်းထွက် ဂျုံကုန်ကြမ်းများ အရည်အသွေးတည်ငြိမ်မှုရှိရန် စီမံဆောင်ရွက်နိုင်ပါက ပြည်တွင်းဂျုံကုန်ကြမ်းကိုသာ အသုံးပြုလိုကြကြောင်း မှတ်သားခဲ့ရသည်။ အဆိုပါ အချက်သည် ဂျုံသီးနှံတွင်သာမက သီးနှံများရောင်းဝယ် ဖောက်ကားရာတွင် ကြားသိနေရသည့် ပြဿနာတစ်ခုဖြစ်သည်။ ရိတ်သိမ်းခြွေလှေ့မှုတွင် ဖုန် သဲ ခဲ အနည်းငယ်ပါဝင်မှု ရှိနိုင်သော်လည်း မသမာသူအချို့ကြောင့် ဈေးကောင်းမရခြင်း ၊ ဈေးကွက် ပျက်ရခြင်းများကို တားဆီး ကာကွယ်နိုင်စေရန် ရိတ်သိမ်းသူ၊ သိုလှောင်သူ၊ သယ်ယူဖြန့်ချိသူ စသည့် ဈေးကွက်စီးဆင်းမှု ကွင်းဆက်တွင် ပါဝင်ပတ်သက်သူအားလုံး သတိပြု၍ ဝိုင်းဝန်း ထိန်းကျောင်းသွားကြရန်လိုအပ်မည်ဖြစ်သည်။

လုပ်ငန်းရှင်များတင်ပြသကဲ့သို့ ပြည်တွင်း၌စားသုံးလျက်ရှိသည့် ဂျုံအခြေခံ စားသောက်ကုန် များထုတ်လုပ်ရာတွင် ပြည်တွင်းဂျုံကုန်ကြမ်းကိုသာ အပြည့်အဝအသုံးပြုသွားမည်ဆိုပါက ဂျုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု ကွင်းဆက်တွင်ပါဝင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs)လုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းလည်း များစွာဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

တောင်သူများထံမှ သတင်းစကားများအရ ပုံမှန်စိုက်ပျိုးပြုစုမှုဖြင့် ထွက်ရှိသည့် ဂျုံအထွက်နှုန်းနှင့် သီးနှံပေါက်ဈေးအရ ဝင်ငွေအကျိုးအမြတ်သင့်တော်ကောင်းမွန်မှုရှိကြောင်း၊ သို့သော် အချို့ဒေသများတွင် လုပ်ငန်းရှင်နှင့်တိုက်ရိုက် ချိတ်ဆက်ဆောင်ရွက်နိုင်မှုကြောင့် ဝယ်လက်သေချာသော်လည်း အချို့ဒေသများအတွက် ဝယ်လက်ချိတ်ဆက်မှုလိုအပ်နေကြောင်း သိရှိရသည်။

လက်ရှိပြည်တွင်း၌ အဓိကစိုက်ပျိုးသည့် ဂျုံမျိုးများမှာ မုံရွာဂျုံဖြူ၊ ဇလုပ်ဖြူ-၁၊ ဇလုပ်ဖြူ-၂၊ ရေဆင်းဂျုံ-၉ ၊ ရေဆင်းဂျုံ-၁၀ ၊ ရေဆင်းဂျုံ-၁၁ နှင့် ရေဆင်းဂျုံ-၁၂ တို့ဖြစ်ပြီး အဆိုပါဂျုံမျိုးများမှာ Mexico နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ပြောင်းဖူးနှင့်ဂျုံသုတေသနဌာန (International Maize and Wheat Improvement Center, CIMMYT) မှ တင်သွင်း၍ မျိုးရွေးချယ်ရရှိထားသော ဂျုံမျိုးများ ဖြစ်ကာ အပူဒဏ် ၊ ရေငတ်ဒဏ်နှင့် ရောဂါဒဏ်ခံနိုင်ပြီး အထွက်ကောင်းသည့် ပေါင်မုန့်ဂျုံမျိုးများဖြစ်၍ အမှန်တကယ်တိုးချဲ့စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက စိုက်ပျိုးသူတောင်သူများနှင့် ကုန်ကြမ်း အသုံးပြုသူလုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည်ဖြစ်သည်။

သို့ဖြစ်၍ ဂျုံသီးနှံစိုက်ပျိုးနိုင်သည့် မြေဧရိယာများစွာရှိနေသော မိမိတို့နိုင်ငံတွင် စိုက်ပျိုးအောင်မြင်သော ဂျုံမျိုးများ အသင့်ရှိနေပြီးဖြစ်သကဲ့သို့ ဂျုံစက်လုပ်ငန်းရှင်များ၏ ပြည်တွင်း ဂျုံကုန်ကြမ်းအသုံးပြုလိုမှု တောင်းဆိုချက်များလည်း ရှိနေပြီဖြစ်ရာ အသေးစား၊အငယ်စားနှင့် အလတ်စား (MSMEs)လုပ်ငန်းများ အားပြုစရာ ဂျုံသီးနှံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဌာနအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးတို့က ကျရာအခန်းကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းသွားကြရန် တိုက်တွန်းလိုက်ရပါသည်။

**ကိုရင်အောင်မိုး**



မြန်မာနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသည့် ဂျုံမျိုးများအား ခင်းကျင်းပြသထားမှု

# ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ် အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ် ထွန်းနိုင်ကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ၁ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင်တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

## ညအပူချိန်

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန် ၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှ အပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်၊ နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့် နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၂ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ သပိတ်ကျင်းမြို့၊ မန္တလေး မြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ပြည်မြို့၊ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီလက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီလက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ် ရေသည် တောင်ငူမြို့တွင် ၃ လက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မ ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့်ပုသိမ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်နှင့် ဘီးလင်း မြစ်ရေသည် ဘီးလင်း မြို့တွင် ၃ လက်မခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး၊ မြစ်သာမြစ်ရေသည် ကလေး မြို့တွင် ၃ လက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည်သီပေါမြို့ တွင် ၃ လက်မခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ၃ လက်မခန့် ၊ ပဲခူးမြစ် ရေသည် ဇောင်းတူမြို့ တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့်နှင့် တိုးမြစ်ရေ သည် မအူပင်မြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန


**တာဝန်ခံအယ်ဒီတာ**

ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**

ကျော်သူနိုင်

ကိုရင်အောင်မိုး

ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**

ဒေါက်တာအောင်ဇံထွေး

(မြ-၀၀၄၁၀)

**လိပ်စာ**

ရုံးအမှတ်(၄၃)

စိုက်ပျိုးရေး မွေးမြူရေးနှင့်

ဆည်မြောင်း ဝန်ကြီးဌာန

နေပြည်တော်

ဖုန်း ၀၆၇ ၃၄၁၀၁၄၂


## မြိတ်ဒေသထွက် ရာသီပေါ်မရမ်းသီးများ ထိုင်းနိုင်ငံမှ ဝယ်လိုအားမြင့်တက်လျက်ရှိ

မြိတ်ဒေသမှ ရာသီပေါ် မရမ်းသီးများကို ထိုင်းနိုင်ငံမှ မှာယူမှုများသော ကြောင့် ရောင်းအား ကောင်းနေကြောင်း မြိတ်ဈေးကွက်သတင်းအရ သိရှိရသည်။


ယခုအချိန်တွင် မြိတ်ဒေသတွင် မရမ်းသီးများ ပေါပေါများများထွက်ရှိနေပြီး အရွယ်အစား သေးငယ်သော အသီးများသည် ပို၍ ရောင်းအားကောင်းနေပါသည်။ မရမ်းသီးသည် ယခုအချိန်တွင်သာ ပေါ်သောသီးနှံဖြစ်သည်။ မရမ်းသီးသည် သရက်နှင့် ကြက်မောက်သီးတို့နှင့် မတူသည်မှာ မရမ်းသီး အစိမ်းစားသည့် ရာသီကုန်ပါက ဈေးကွက်မှ ခဏပျောက်သွားတတ်ပြီး၊ယခုအချိန်သည် ရောင်းအကောင်းဆုံး ရာသီချိန် ဖြစ်သည်။

မရမ်းသီး ပေါ်များသည့် မြိတ်ဒေသတွင် ထိုင်းနိုင်ငံမှ မှာယူမှုအများအပြားရှိနေပြီး ဈေးကောင်းရရှိကြောင်း၊ အရွယ်အစားသေးငယ်သောအသီးများသည်ပိုမိုဈေးကောင်းရကြောင်း မြိတ်ဒေသမှ မရမ်းခြံပိုင်ရှင်တစ်ဦးဖြစ်သော မမြတ်လှဲ့လှဲ့ဖြူမှ ပြောကြားသည်။

လက်ရှိအခြေအနေတွင် ထိုင်းနိုင်ငံရောက် မြန်မာလူမျိုးများသာမက ထိုင်းလူမျိုးများကလည်း ၎င်းတို့၏ စားသောက်ဆိုင်များတွင် အသုံးပြုရန်အတွက် မှာယူမှုအမြောက်အများရှိနေသည်။ထိုင်းနိုင်ငံအရောက်ပို့ဆောင်ပေးသဖြင့် ဝယ်ယူသူများအတွက်အဆင်ပြေကြောင်း၊ ထိုသို့သယ်ယူ ပို့ဆောင်ရာတွင် မရမ်းသီး၏ အသီးညှာအရိုးတံကို မဖယ်ဘဲ တင်ပို့ခဲ့ကြောင်း၊ အသီးညှာကို ဖယ်ရှားလိုက်ပါက အသီးအရောင်မလှတော့ဘဲ ပြန်လည်ရောင်းချရာတွင် အမြင်မလှတော့ကြောင်း သိရှိရသည်။

**လင်းလှဲ့ရည်အောင်**

https://www.gnlm.com.mm/myeiks-seasonal-marian-plums-in-high-demand-from-thailand/#article-title



# ခေတ်မီသီးနှံကာကွယ်ရေးနည်းစနစ် အသိပညာပေးလုပ်ငန်းများကို တောင်သူများလက်ဝယ်အရောက် တိုးမြှင့်ဆောင်ရွက်



ဖေဖော်ဝါရီ ၁၁

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး ဌာနခွဲ နှင့်မြေအသုံးချရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီးနှံများအရည်အသွေးကောင်းမွန်ရေး၊ စားသုံးသူဘေးကင်းလုံခြုံရေးအပါအဝင် သီးနှံများ စတင်စိုက်ပျိုးသည်မှ စားသုံးသူလက်ဝယ် အရောက်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် GAP စံနှုန်းများနှင့်အညီ ဆောင်ရွက်မှု ဖွံ့ဖြိုး လာရေးကြိုးပမ်းကြရန်လိုကြောင်း၊ စပါး၊ ပဲတီစိမ်း ၊ ပဲစင်းငုံ၊ မတ်ပဲ နှင့် ဝါသီးနှံများ အပြင် ပြည်ပသို့တင်ပို့ရောင်းချနေသော သီးနှံများအားလုံး GAP ကျင့်စဉ်နှင့် အညီ လိုက်နာ ဆောင်ရွက်ရန် လိုကြောင်း၊ အလားတူ သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများ နည်းပညာဖြန့်ဖြူးရေး လုပ်ငန်း များ တိုးမြှင့် ဆောင်ရွက်ရေး၊ ပန်းတိုင်အထွက်နှုန်း မထိခိုက်စေရေးနှင့် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ သီးနှံ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေး၊ ပိုးသတ်ဆေးနှင့် ဓာတုဆေးဝါးများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို မပျက်စီးစေရန် ခေတ်မီ သီးနှံ ကာကွယ်ရေးနည်းစနစ်များကို တောင်သူများလက်ဝယ် အရောက် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြင့် အခြေခံ ဆောင်ရွက်ရန်နှင့် သီးနှံတစ်ခုချင်း အလိုက် ဘက်စုံသီးနှံကာကွယ်ရေး ပုံစံများ ချမှတ်ရန်၊ အပြည်ပြည်ဆိုင်ရာ သီးနှံကာကွယ်ရေး စံချိန်စံညွှန်းများနှင့်အညီ ပြည်ပပို့ကုန်/သွင်းကုန်သီးနှံများကို ထုတ်လုပ်တင်ပို့/ တင်သွင်းနိုင်ရန်၊ ပြဋ္ဌာန်းထားသောဥပဒေများနှင့်အညီ အရည်အသွေးပြည့်ဝသော စိုက်ပျိုးရေးသုံး ဓာတုဆေးများ တင်သွင်း/ဖြန့်ဖြူးခြင်းအား စနစ်တကျ ကြပ်မတ် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သီးနှံကာကွယ်ရေးဌာန တာဝန်ရှိသူက ဌာန၏ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေအသုံးချရေးဌာနခွဲသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေနှင့်ပတ်သက်သည့်သုတေသန၊ မြေဆီလွှာနှင့်ပတ်သက်သည့်သုတေသနများ ဆောင်ရွက်ရန်၊ အာဟာရတစ်မျိုးချင်းအလိုက်၊ သီးနှံ တစ်မျိုးချင်း အလိုက် မြေတွင်း မြေလွှာနှင့် မြေတွင်း ရေလွှာ အာဟာရဓာတ်စုတ်ယူမှု၊မြေတွင်းရေပမဏ ဆက်စပ်မှုများကိုလေ့လာရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

# နောင်တရားဒေသမှ ထွက်ရှိသည့် ချင်း မြဝတီမှ အများဆုံး မှာယူလျက်ရှိ

**ရှမ်း**ပြည်နယ်၊ တောင်ပိုင်းဒေသရှိ နောင်တရားမြို့မှထွက်ရှိသော ချင်းအများစုကို မြဝတီမြို့မှ အများဆုံး မှာယူကြောင်း မြို့တွင်းရှိ ချင်းဈေးကွက်အရ သိရှိရသည်။ ရန်ကုန်၊ မန္တလေး နှင့် မြဝတီမြို့များမှ မှာယူလျက်ရှိကြပြီး ၎င်းတို့အနက် မြဝတီသည် အများဆုံး ဝယ်ယူသူဖြစ်ကြောင်း သိရှိရသည်။

ချင်းအဟောင်းဈေးသည် တစ်ပိဿာလျှင် ၂၈၀၀ ကျပ်ဖြစ်ပြီး ချင်းအသစ်မှာ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ဖြစ်ကြောင်း၊ ရောင်းအားကောင်းမွန်လျက်ရှိပြီး မန္တလေး၊ ရန်ကုန်နှင့် မြဝတီမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မြဝတီမှ အများဆုံး မှာယူကြောင်း၊ ဈေးနှုန်းမှာ တိုးမြင့်လာခြင်းမရှိဘဲ ချင်းရာသီချိန်မှာလည်း ကုန်ဆုံးချိန်နီးပြီဖြစ်ကြောင်း နောင်တရားမြို့နယ်မှ ချင်းကုန်သည်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ရာသီကုန်ချိန်နီးပြီဖြစ်သဖြင့် လာမည့်လများတွင် ချင်းဈေးနှုန်းသည် အနည်းငယ် မြင့်တက်လာနိုင်ကြောင်း၊ လာမည့်လများမှစ၍ ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း၊ အကယ်၍ ဈေးနှုန်းမြင့်တက်လာပါက တစ်ပိဿာလျှင် ၂၈၀၀ ကျပ်မှ တစ်ပိဿာလျှင် ၃၀၀၀-၃၂၀၀ ကျပ်ဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်နိုင်ကြောင်း၊ အလွန်အမင်း ဈေးနှုန်းမြင့်တက်ခြင်း မဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။



ပြီးခဲ့သည့် အောက်တိုဘာလက လှောင်လက်များသို့ ရောင်းချသည့်ဈေးနှုန်းမှာ အနည်းငယ် ကျဆင်းခဲ့ကြောင်း၊ ပို့ကုန်နည်းပါးခြင်းကြောင့် ပြည်တွင်းဈေးကွက်ကို ပိုမိုမှီခိုနေရသည်ဟု ချင်းစိုက် တောင်သူများက ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/myawady-orders-most-ginger-from-naungtaya/#article-title



# စိုက်ပျိုးရေးဒီပလိုမာ နှင့် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲများကျင်းပ

**စိုက်**ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်း မှ နှစ်စဉ် နိုင်ငံတော်အတွက် လိုအပ်သော အလယ်အလတ်အဆင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိရာ စိုက်ပျိုးရေးဒီပလိုမာ နှင့် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားများကို ဇန်နဝါရီလ နောက်ဆုံးပတ်တွင် သက်ဆိုင်ရာ ကျောင်းများ၌ ကျင်းပခဲ့ကြကြောင်းသိရသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ပျဉ်းမနား ၏ နဝမအကြိမ် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ၊ ဒုတိယဝန်ကြီးများ နှင့် ဌာနတာဝန်ရှိသူများ တက်ရောက် အားပေးခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ ပညာသင်ကာလတစ်လျှောက်၌ စာတွေ့ လက်တွေ့ လေ့လာသင်ယူခဲ့ကြသည့် စိုက်ပျိုးမွေးမြူရေး ပညာရပ်များကို လက်တွေ့ လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချသွားကြရန်ဖြစ်ကြောင်း၊ မိမိတို့နောင်ရေးအတွက် အာမခံချက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင် ကြမည့် သူများအနေဖြင့် နည်းပညာအသစ်များ အတွေ့အကြုံသစ်များ ကို စဉ်ဆက်မပြတ် လေ့လာနိုင်ကြမည်ဖြစ်၍ မိမိအကျိုး အများအကျိုး ကျယ်ကျယ်ပြန့်ပြန့် သည်ပိုးရွက်ဆောင် နိုင်ကြမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ နှင့် မိမိကိုယ်ပိုင်လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်သွားရန် ရည်ရွယ်ချက်ရှိပါကလည်း သက်ဆိုင်ရာ လုပ်ငန်းခွင်အလိုက် တိုးတက် အောင်မြင်အောင် ကြိုးပမ်းပြီး နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့်လယ်ယာကုန်ထုတ်လုပ်ငန်း များပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းသွားကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

အလားတူ ဒေသအသီးသီးရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၌ ကျင်းပသည့် ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားများသို့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ တက်ရောက်၍ ပထမနှစ်မှ တတိယနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဂုဏ်ပြုဆုများ ဆုချီးမြှင့်ခဲ့ကြသည်။

စိုက်ပျိုးမွေးမြူရေးပညာရပ်များကို အသက်မွေးဝမ်းကျောင်းပညာအဖြစ် လက်တွေ့ အသုံးချနိုင်ကြသည့် အလယ်အလတ်အဆင့်ပညာရှင်များ တိုးပွားလာရေး နှင့် သတ်မှတ်ချက် ပြည့်မီပါက စိုက်ပျိုးရေးတက္ကသိုလ် နှင့် မွေးမြူရေးတက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက် နိုင်ရေးအတွက် နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်း ဖွင့်လှစ်ထားရှိရာ ယနေ့အထိ စိုက်ပျိုးရေးဒီပလိုမာ လက်မှတ်ရ ၂၆၄၁၄ ဦး နှင့် မွေးမြူရေး ဒီပလိုမာ လက်မှတ်ရ ၄၆၅ ဦး စုစုပေါင်း ၂၆၈၇၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရ သည်။

**MOALI**



စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)မှ ဒီပလိုမာရရှိသူများ



စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပွင့်ဖြူ)မှ ဒီပလိုမာရရှိသူများ

# အိန္ဒိယတွင် ပဲစင်းငုံအား ၂၀၂၆ မတ် ၃၁ ရက်နေ့အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြု

**အိ**န္ဒိယအစိုးရမှ ပဲစင်းငုံ၊ ဒေသအခေါ် tur (arhar/red gram) အား ၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်နေ့အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့ကြောင်း သိရသည်။ အိန္ဒိယ နိုင်ငံခြားကုန်သွယ်မှု ညွှန်ကြားမှုအထွေထွေ ဦးစီးဌာနမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၂၄-၂၅ ဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း The Hindu Businessline သတင်းဌာနမှ ယခုလ ၂၁ ရက်က ဖော်ပြသည်။

ယခင်က ထုတ်ပြန်ကြေညာခဲ့သော မူဝါဒအခြေအနေအရ အဆိုပါ ပဲအမျိုးအစားအား အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်နေ့အထိ အတည်ပြုသတ်မှတ်ထားကြောင်း သိရသည်။



Karnataka နှင့် Maharashtra ပြည်နယ်တို့ကဲ့သို့ ပဲစင်းငုံအဓိကစိုက်ပျိုးသော ပြည်နယ်များတွင် ရိတ်သိမ်းမှုများ လတ်တလော စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲသစ်များ ပေါ်ပါက လက်ကားဈေးနှုန်းများကျဆင်းကာ အစိုးရသတ်မှတ်ထားသော ကြမ်းခင်း ဈေးအောက်လျော့နည်းကျဆင်းဖွယ်ရှိကြောင်းနှင့် ၂၀၂၄ ခုနှစ် ခါရစ် (မိုးရာသီ) ပဲသီးနှံရောင်းဝယ်မှုရာသီအတွက် အစိုးရသတ်မှတ်ဈေးနှုန်းမှာ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇၅၅၀ ဖြစ်ကြောင်း သိရ သည်။

အိန္ဒိယအစိုးရ စိုက်ပျိုးရေးဌာနမှ ဆောင်ရွက်သော ပထမအကြိမ်ကြိုတင်ခန့်မှန်းချက်အရ ပဲစင်းငုံထုတ်လုပ်မှု တန်ချိန် ၃၅ ဒသမ ၀၂ သိန်းရှိကာ ယမန်နှစ်က တန်ချိန် ၃၄ ဒသမ ၁၇ သိန်း ထွက်ရှိခဲ့၍ ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

ယမန်နှစ်က ပဲစင်းငုံ၊ မတ်ပဲနှင့် ကုလားပဲထွက်ရှိမှုနှုန်း ကျဆင်းခဲ့၍ ဈေးနှုန်းမြင့်တက်မှု ဖြစ် ပေါ်ခဲ့သည်။ ထို့ကြောင့် အစိုးရအနေဖြင့် ပြည်တွင်း၌ ပဲမျိုးစုံ ဖူလုံမှုရှိရန်ရည်ရွယ်၍ ပဲစင်းငုံ၊ မတ်ပဲ နှင့် ပဲနီလေးတို့ကို အကောက်ခွန်လွတ် တင်သွင်းခွင့်အား ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်နေ့အထိ အချိန်တိုးမြှင့်သတ်မှတ်ခဲ့သည်။ ယခု နောက်ဆုံးထုတ်ပြန်ကြေညာခဲ့သော အမိန့်ကြော်ငြာစာအရ ပဲစင်းငုံကို ပြည်တွင်း၌ လုံလောက်စွာရရှိနိုင်ရန်နှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရန် ခန့်မှန်းရ ကြောင်း သိရသည်။

ပဲမျိုးစုံဈေးနှုန်းများ မြင့်တက်ခဲ့ပြီးနောက် အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်ဈေးနှုန်း များကို စဉ်ဆက်မပြတ်စောင့် ကြည့်ထိန်းချုပ်လျက်ရှိကာ စားသုံးသူများ ဈေးသက်သက်သာသာဖြင့် ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အိန္ဒိယ စားနပ်ရိက္ခာဝန်ကြီးဌာနက ယခု အခါ မြေဆီလွှာနှင့်ရာသီဥတုအခြေအနေ ကောင်းမွန်မှုရှိလာသဖြင့် ကုလားပဲနှင့် ပဲနီလေးထုတ်လုပ်မှု ပိုမိုတိုးမြင့်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

စားတော်ပဲ (yellow peas) အား အကောက်ခွန်လွတ်တင်သွင်းမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့အထိ ခွင့်ပြုထားကာ၊ အလားတူ ကုလားပဲတင်သွင်းမှုအား ၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်နေ့အထိ ခွင့်ပြုထားကြောင်း သိရသည်။

အဆိုပါ ပဲ(ခွဲခြမ်း) မျိုးစုံ၏ လက်လီဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် အစိုးရမှ ကုလားပဲ၊ ပဲတီစိမ်းနှင့် ပဲနီလေးတို့ကို ဘာရက်အမှတ်တံဆိပ် (Bharat brand) ဖြင့် ဆက်လက်ရောင်းချပေးခြင်း၊ လက်လီရောင်းချမှုဆိုင်ရာ အသင်းအဖွဲ့များ၊ လက်လီဆိုင်များနှင့် ပုံမှန်တွေ့ဆုံ၍ ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီက ၁၉ ဒသမ ၅၄ ရာခိုင်နှုန်းရှိခဲ့သော ပဲမျိုးစုံ၏ CPI ဈေးနှုန်းဖောင်းပွမှုကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ၌ ၃ ဒသမ ၈၃ ရာခိုင်နှုန်းသို့ လျော့ချနိုင်ခဲ့သည်ဟု အစိုးရမှ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံလိုအပ်ချက်ပြည့်မီရေးအတွက် ပဲစင်းငုံအား ၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်နေ့အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုခဲ့သော်လည်း မတ်ပဲတင်သွင်းခွင့်နှင့် ပတ်သက်၍ လတ်တလောထုတ်ပြန်ဆောင်ရွက်ထားခြင်းမရှိကြောင်းသိရှိရသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Government extends free imports of tur till March 31, 2026, January 21, 2025.

# ပဲပုပ်၊ နေကြာစေ့နှင့် အခြားသီးနှံများအပေါ် လယ်ယာပို့ကုန်ခွန် လျှော့ချရန် အာဂျင်တီးနားစီစဉ်

**အာ**ဂျင်တီးနားအစိုးရသည် ပဲပုပ်၊ နေကြာစေ့နှင့် အခြားသီးနှံများအပေါ် လယ်ယာပို့ကုန်ခွန် လျှော့ချမည့် အစီအစဉ်ကို ကြေညာခဲ့ကြောင်း Buenos Aires Herald က ဇန်နဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ Manuel Adorni နှင့် စီးပွားရေးဝန်ကြီး Luis Caputo က ဇန်နဝါရီ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အဆိုပါကိစ္စအား ဇန်နဝါရီ ၂၇ ရက်မှ ဇွန်ကုန်အထိ ယာယီဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရင်းအမြစ်များ မရှိ၍ အပြောင်းအလဲကို အမြဲတမ်း မပြုလုပ်နိုင်သေးကြောင်း Caputo က ပြောသည်။

အဆိုပါ အစီအစဉ်တွင် ပဲပုပ်တင်ပို့မှုအကောက်ခွန်နှုန်းထားကို ၃၃မှ ၂၆ ရာနှုန်းသို့၊ ပဲပုပ်ထုတ်ကုန်ပစ္စည်းများကို ၃၁ မှ ၂၄ ဒသမ ၅ ရာနှုန်း၊ ဂျုံကို ၁၂ မှ ၉ ဒသမ ၅ ရာနှုန်း၊ မုယောစပါးကို ၁၂ မှ ၉ ဒသမ ၅ ရာနှုန်း၊ နှံစားပြောင်းကို ၁၂ မှ ၉ ဒသမ ၅ ရာနှုန်းသို့၎င်း၊ ပြောင်းကို ၁၂ မှ ၉ ဒသမ ၅ ရာနှုန်းနှင့် နေကြာစေ့ကို ၇ မှ ၅ ဒသမ ၅ ရာနှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း Buenos Aires Herald က သတ်မှတ်ခဲ့ပါသည်။

သမ္မတ Javier Milei ၏အစိုးရသည် အခွန်လျှော့ချရန် ရည်ရွယ်ထားသော်လည်း ပို့ကုန်ခွန်များအပြီးတိုင်ဖယ်ရှားရန် ပိုငွေအမေရိကန်ဒေါ်လာ ၈ ဘီလီယံ လိုအပ်မည်ဖြစ်ကြောင်း Caputo က ပြောကြားခဲ့ပါသည်။

အခွန်လျှော့ချရန် ဆုံးဖြတ်ချက်သည် တိုင်းပြည်တွင် ဆက်လက်ဖြစ်ပေါ်နေသော မိုးခေါင်ရေရှားမှုနှင့် ကုန်စည်ဈေးနှုန်းများ ကျဆင်းခြင်း၏ နောက်ကွယ်မှ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပါသည်။

ဘေးအန္တရာယ်ကျရောက်မှုနှင့် အလွန်ဆိုးရွားသော ချေးငွေအစဉ်အလာ၏ ရလဒ်ကြောင့် အာဂျင်တီးနားသည် အခွန်လျှော့ချရန်အတွက် ဘဏ္ဍာရေးပိုငွေလိုအပ်နေကြောင်း Caputo မှပြော ကြားခဲ့ပါသည်။

သမိုင်းကြောင်းအရ ပို့ကုန်ခွန်များ ပပျောက်ရေးသည် ရှေးယခင်ကတည်းက ကျေးလက်ကဏ္ဍ၏ အဓိကတောင်းဆိုချက်တစ်ခုဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



အဆိုပါ တိုင်းတာမှုကို ကြိုဆိုသည့်အနေဖြင့် Rosario စတော့အိတ်ချိန်းဥက္ကဋ္ဌ Miguel Simioni က ဆုံးဖြတ်ချက်သည် မှန်ကန်သောလမ်းကြောင်းတွင်ရှိကြောင်း ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားထားသည်။

ပို့ကုန်ခွန်များ လျှော့ချခြင်းဖြင့် ထုတ်လုပ်သူများအား ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်စေမည်ဖြစ်ပြီး ၎င်းသည် အာဂျင်တီးနားစီးပွားရေးအတွက် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း၊ အလုပ်အကိုင်နှင့် နိုင်ငံခြားငွေရရှိရေး ဆက်လက်ဆောင်ရွက်ရန် မရှိမဖြစ်လိုအပ်ကြောင်း ၎င်းကပြော ကြားခဲ့ပါသည်။

လျှော့ချထားသော အခွန်အခများကို ရယူရန်အတွက် ပို့ကုန်လုပ်ငန်းရှင်များသည် "နိုင်ငံရပ်ခြားတွင် ရောင်းချကြောင်း ကျမ်းကျိန်လွှာ" အပြီး ၁၅ ရက်အကြာတွင် ၎င်းတို့၏ ဒေါ်လာများကို ဗဟိုဘဏ်သို့ ရောင်းချရမည်ဟု အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ၂၉ ရက်နေ့ထုတ် Ofi magazine website ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

**ဟေမာန်အောင်မင်း**

https://www.ofimagazine.com/news/argentina-to-lower-agricultural-export-duties-on-soyabean-sunflowerseed-and-other-crops

# ဂျပန်နိုင်ငံ ငှက်ပျောဈေးကွက်၏ ကြီးမားသောဝေစုကို ပြန်လည်ရယူရန် ဖိလစ်ပိုင် ကြိုးစား

ဂျပန်နိုင်ငံအနေဖြင့် ဖိလစ်ပိုင် ငှက်ပျောတင်သွင်းမှု တိုးမြှင့်ရေးကို အာရုံစိုက်လာပြီး နှစ်နိုင်ငံ ကုန်သွယ်မှုဆက်ဆံရေး တိုးမြှင့်ရန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့သည်။ ဂျပန်ငှက်ပျော ဈေးကွက်ဝေစု ပိုမိုကြီးမားစွာပြန်လည်ရရှိရန် ဂျပန်-ဖိလစ်ပိုင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (JPEPA) ကို ပြန်လည်သုံးသပ်ရန် ဖိလစ်ပိုင်က အဆိုပြုခဲ့သည်။ တိုကျိုရှိ ဖိလစ်ပိုင် သံရုံး၏ စီးပွားရေးအတိုင်ပင်ခံ Dita Angara-Mathay ၏အဆိုအရ ဖိလစ်ပိုင်သည် ၂၀၁၂ ခုနှစ်က ဂျပန်ငှက်ပျောဈေးကွက်၏ ၉၀ ရာနှုန်းခန့်ကို ရရှိထားပြီး အဆိုပါဝေစုသည် ၂၀၂၃ ခုနှစ်တွင် ၇၉ ရာနှုန်း နှင့် ၂၀၂၄ ခုနှစ်တွင် ၇၅ ရာနှုန်းသို့ ကျဆင်းသွားခဲ့သည်။

ဂျပန်နိုင်ငံ၏ တင်းကြပ်သော အရည်အသွေးစံချိန်စံညွှန်းများသည် ဖိလစ်ပိုင် ပို့ကုန်ကို ထိခိုက်စေသည့် ပိုးမွှားပြဿနာများကြောင့် ငှက်ပျောထွက်ရှိရာ အရင်းအမြစ် ကွဲပြားမှုကို ဖြစ်ပေါ်စေသည်။ ၂၀၂၈ ခုနှစ်တွင် ဗီယက်နမ်နှင့် အခြားနိုင်ငံများကို ခွင့်ပြုပေးရန် ဂျပန်နိုင်ငံက စီစဉ်ထားသည့် အခွန်စည်းကြပ်မှုအတိုင်း ငှက်ပျောသီးတင်ပို့မှုအပေါ် အခွန်ကင်းလွတ်ခွင့်ရရန် ကြိုးပမ်းနေသည်။ Angara-Mathay က ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ မိသားစုများအတွက် ငှက်ပျောသီးကုန်သွယ်မှု၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့ပြီး "စိုက်ပျိုးရေး ကဏ္ဍတွင် လုပ်ကိုင်နေကြသည့် ဖိလစ်ပိုင်မိသားစုများစွာသည် ငှက်ပျောရောင်းဝယ်ရေးအပေါ် မူတည်နေ ပါကြောင်း" ပြောကြားခဲ့သည်။



ဖိလစ်ပိုင်သည် အဆိုပါ ကုန်သွယ်ရေးပြဿနာများ ဖြေရှင်းရန်အတွက် နှစ်နိုင်ငံဆွေးနွေးမှုများကို နှစ်သက်သော်လည်း ဂျပန်တာဝန်ရှိသူများက ၎င်းတို့အား နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်သည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ၏ထိန်းချုပ်မှုအောက်တွင် ကိုင်တွယ် ဖြေရှင်းရန် အကြံပြုထားသည်။ Angara-Mathay သည် အဖွဲ့ဝင်နိုင်ငံတစ်ခုအား လိုက်လျောမှုများ သည် အခြားသူများနှင့် အလားတူလိုက်လျောမှုများ လိုအပ်လာနိုင်သည့် RCEP ၏ ရှုပ်ထွေးမှုများ ကို မှတ်ချက်ပြုခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ကွဲပြားခြားနားသော လိုအပ်ချက်များကို မီးမောင်းထိုး ပြခဲ့ကြောင်း ၂၉ ရက်နေ့ထုတ် Fresh Plaza သတင်းဆောင်းပါးအရ သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/asia/article/9700109/philippines-seeks-to-regain-larger-share-of-japan-s-banana-market-with-tariff-proposals/

# ၂၀၂၄ ပြက္ခဒိန်နှစ်တွင် အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှု တန်ချိန် ၆၆ ဒသမ ၃၃ သိန်းထိ စံချိန်တင်မြင့်တက်ခဲ့

၂၀၂၄ ခုနှစ်၊ ပြက္ခဒိန်နှစ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှု တန်ချိန် ၆၆ ဒသမ ၃၃ သိန်းထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။ အဆိုပါကာလအတွင်း ပြည်တွင်းမှ ပဲမျိုးစုံ အထွက်နှုန်းကျဆင်းပြီး ဈေးနှုန်းများ မြင့်တက်လာမည်စိုးသဖြင့် အစိုးရအနေဖြင့် ပဲမျိုးစုံကို ပြည်ပမှ အကောက်ခွန်လွတ် တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၉ ရက်က ဖော်ပြသည်။

ယင်းကဲ့သို့ ပဲမျိုးစုံတင်သွင်းမှု တိုးတက်လာရခြင်းမှာ ပြည်ပမှ စားတော်ပဲ (yellow peas) ကို တန်ချိန် ၂၉ ဒသမ ၆၈ သိန်းအထိ တင်သွင်းခဲ့၍ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အဆိုပါ ပဲအမျိုးအစား ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာမှစတင်၍ အကောက်ခွန်လွတ်တင်သွင်းခွင့်ပြုခဲ့ပြီး၊ ၂၀၂၄ ခုနှစ်အတွင်းက ပြင်ဆင်သက်တမ်းတိုးကာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီအထိ အချိန်တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ပဲစင်းငုံကို တန်ချိန် ၁၂ ဒသမ ၃၃ သိန်းနှင့် မတ်ပဲကို တန်ချိန် ၇ ဒသမ ၆၅ သိန်း အထိ စံချိန်တင် တင်သွင်းခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်တွင် ပဲနီလေးတင်သွင်းမှုသည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် လျော့ကျခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်က အဆိုပါပဲအမျိုးအစားကို တန် ချိန် ၁၆ ဒသမ ၈၁ သိန်းအထိ စံချိန်တင် တင်သွင်းခဲ့ပြီး၊ ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁၀ ဒသမ ၉၃ သိန်းသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်၏ ကုလားပဲတင်သွင်းမှုသည် တန်ချိန် ၅ ဒသမ ၇၄ သိန်းရှိပြီး၊ ယခင်နှစ်က တန်ချိန် ၁ ဒသမ ၃၁ သိန်းတင်သွင်းခဲ့သည့်အတွက် လေးဆမျှတိုးတက်လာခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၇ ခုနှစ်က တစ်ကြိမ် ပဲမျိုးစုံတင်သွင်းမှု မြင့်တက်ခဲ့ပြီး တန်ချိန် ၆၂ ဒသမ ၇၄ သိန်း တင်သွင်းခဲ့ကာ စားတော်ပဲကို တန်ချိန် ၃၁ ဒသမ ၀၃ သိန်းအထိ စံချိန်တင် တင်သွင်းခဲ့ဖူးကြောင်း သိရသည်။ ယင်းသို့ ပြည်ပမှ ပဲမျိုးစုံတင်သွင်းမှုပမာဏသည် တစ်နိုင်ငံလုံး၏ ပဲမျိုးစုံစားသုံးမှု ခန့်မှန်းပမာဏဖြစ်သော တန်ချိန် ၂၇၀ သိန်း၏ ၄ ပုံ ၃ ပုံခန့်ရှိကြောင်း IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရ၏ ခန့်မှန်းတွက်ချက်မှုအရ နိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိမှုပမာဏသည် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တန်ချိန် ၁၆၃ ဒသမ ၂၃ သိန်းရှိခဲ့ပြီး၊ ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၇၃ ဒသမ ၀၂ သိန်းထွက်ရှိကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၄၂ ဒသမ ၄၆ သိန်းထွက်ရှိခဲ့၍ ထွက်ရှိမှုပမာဏ ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ် ခါရစ်ရာသီ (မိုးရာသီ) ၏ ပဲမျိုးစုံအထွက်နှုန်းသည် တန်ချိန် ၆၉ ဒသမ ၅၄ သိန်းခန့်ရှိကာ ယခင်နှစ်က ၆၉ ဒသမ ၇၄ သိန်းရှိ၍ အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။ အိန္ဒိယအစိုးရအနေဖြင့် ပြည်တွင်းပဲအထွက်နှုန်းကျဆင်းဖွယ်ရှိသည့် အခြေအနေကြောင့် ပဲစင်းငုံ အား အကောက်ခွန်လွတ် တင်သွင်းခွင့်ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့အထိ မကြာသေးမီကာလ ကပင် သက်တမ်းထပ်မံတိုးမြှင့်ခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ်က ပဲမျိုးစုံတင်သွင်းမှု စံချိန်တင်မြင့်တက်ခဲ့ကြောင်းနှင့် ယခုနှစ်တွင်လည်း ပြည်တွင်း၌ ပဲမျိုးစုံထွက်ရှိမှုကျဆင်းဖွယ်ရှိကာ ပြည်ပမှ တင်သွင်းမှု တိုးမြင့်လာဖွယ်ရှိသည့် အခြေအနေကို သိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, Pulses import double to record 66.33 lakh tonnes during 2024, January 29, 2025.

■



# သဘာဝငါးသယံဇာတများကို ထိခိုက်စေနိုင်သော ငါးမျိုးများ

ပင်လယ်ပြာ(ငါးဦးစီး)

နိုင်ငံ၏ သဘာဝငါးသယံဇာတများကို ထိခိုက်စေနိုင်သော ဒေသရင်းမဟုတ်သည့် ငါးမျိုးများ ရှိကြပါသည်။ယင်းတို့မှာ အာဖရိကငါးခူ၊ ပြည်ပငါးရံ့၊ ပြည်ပမျိုးစိတ် အလှမွေးငါး (ပီးကော့)၊ စုပ်ခွက်ငါးတို့ ဖြစ်သည်။

## ၁။ အာဖရိကငါးခူ

သိပ္ပံအမည် - Clarias gariepinus
အင်္ဂလိပ်အမည် - African catfish
မြန်မာအမည် - အာဖရိကငါးခူ
တွေ့ရှိရာဒေသ - တောင်အာဖရိက

အာဖရိကငါးခူသည် သားစားကြူးသောရေချိုငါးမျိုးဖြစ်သည်။ ၎င်း၏ပုံသဏ္ဌာန်မှာ ဦးခေါင်းနောက်စေ့ အနည်းငယ်ချွန်ဝိုင်းပြီး ဆူးမာ အရေ့ဖက်တွင်လွှသွားရှိသည်။အမြီးမှာဝိုင်းသည်။အပိုလေရှူအင်္ဂါပါရှိပြီး တခြားငါးမျိုးစိတ်များကို ရန်ပြုချိန်တွင် အစင်းကျားများပေါ်လာတတ်သည်။အကြီးဆုံးအရွယ်အစားမှာ ၁၅၀ စင်တီမီတာရှိပြီး ပုံမှန်အားဖြင့် ၃၀-၅၀ စင်တီမီတာ ရှိကြသည်။ ခန္ဓာကိုယ်အလေးချိန်၏ ၂၀ ရာနှုန်းကို နေ့စဉ်စားသောက်တတ်ခြင်းကြောင့် ဒေသခံတိုင်းရင်းငါးမျိုးစိတ်များ မျိုးတုံးပျောက်ကွယ်နိုင်သည့် အခြေအနေ ဖြစ်ပေါ်နိုင်သည်။

ယင်း အာဖရိကငါးခူ (Clarias gariepinus) သည် သဘာဝသယံဇာတများကို ပျက်စီးစေကြောင်း၊ ဒေသခံငါးမျိုးများ ပြုန်းတီးစေကြောင်း တွေ့ရှိရသဖြင့် လက်ရှိသားဖောက်ထုတ်လုပ်နေသည့် အာဖရိကငါးခူများကို ဆက်လက်သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း စသည်တို့ကို မပြုလုပ်ကြရန် တားမြစ်ထားပါသည်။ ငါးအရှင်များ၊ ရေတွင်ပေါက်ပွားသည့် အပင်များနှင့် မျိုးစေ့များကို တင်သွင်း၊ တင်ပို့ရာတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိရန် လိုအပ်ခြင်းမှာ နိုင်ငံအတွင်းရှိ ရေနေသတ္တဝါများ၊ဒေသရင်းငါးမျိုးများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေနေဂေဟစနစ်များအပေါ် လွှမ်းမိုးခြင်း၊ ပြုန်းတီးစေခြင်း စသည်များကို ကာကွယ်ရန်လိုအပ်ခြင်းကြောင့်ဖြစ်ပါသည်။ တားမြစ်ချက်များကိုလုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းသိရပါသည်။

## ၂။ ပြည်ပငါးရံ့

သိပ္ပံအမည် - Channa micropeltes
အင်္ဂလိပ်အမည် - Toman Giant Snakehead
မြန်မာအမည် - ပြည်ပငါးရံ့
တွေ့ရှိရာဒေသ - အရှေ့တောင်အာရှနိုင်ငံများ၊ မဲခေါင်မြစ်ဝှမ်း တစ်လျှောက် အနောက်ပိုင်း

ပြည်ပငါးရံ့ဖြစ်သော တိုမန်ငါးရံ့များသည် ကမ္ဘာပေါ်ရှိ ငါးရံ့မျိုးနွယ်များမှ အကြီးဆုံးမျိုးများတွင်ပါဝင်ပြီး ငါးရံ့မျိုးနွယ်များအနက် ဒုတိယကြီးထွားမှုနှုန်း အမြန်ဆုံးမျိုးနွယ်လည်း ဖြစ်ပါသည်။


အာဖရိကငါးခူ


ပြည်ပငါးရံ့

မျိုးရင်း Channidae တွင် အကြီးဆုံးမျိုးစိတ်ဖြစ်ပြီး အရှည် ၁ ဒသမ ၅ မီတာ (၄ ဒသမ ၉ ပေ) နှင့် အလေးချိန် ၂၀ ကီလိုဂရမ်ရှိပါသည်။ ပြည်ပငါးရံ့သည် အသားစားကြူးခြင်းကြောင့် သဘာဝမြစ်ချောင်း၊ ကန်များတွင် မွေးမြူထားသော ငါးများကို စားသုံးနိုင်ခြင်း၊ ရှင်သန်ရာဘဝစက်ဝန်းအဆင့်ဆင့်တွင် အခြားသောငါးများထက် ပို၍စားသုံးနိုင်ခြင်းတို့သည် ငါးမွေးမြူရေးလုပ်ငန်းကို ထိခိုက်စေနိုင်ပါသည်။ ယင်းပြည်ပငါးရံ့များ သည် အလွန်ရန်လိုတတ်သောငါးမျိုးများဖြစ်၍ ဂေဟစနစ်တစ်ခုအတွင်း အခြားငါးမျိုးများကို ယှဉ်ပြိုင်တိုက်ခိုက်အနိုင်ယူကာ ထိုဂေဟ စနစ်အတွင်း ထိပ်တန်းသားရဲများအဖြစ် ကြီးစိုးကြပြီး ရေပိုင်နက်အတွင်းရှိ ငါးကြီး၊ငါးသေး၊ ပုစွန်၊ကဏန်း၊ ဖားနှင့် ရေနေငှက်မျိုးစိတ်အချို့ကိုပါ အမဲလိုက်စားသုံးနိုင်စွမ်း ရှိကြသည်။

စားသောက်ရန်အတွက် အမဲလိုက်ခြင်းမှအပ ၎င်းတို့ပိုင်နက်အတွင်း ကျူးကျော်လာသည့် မည်သည့်ငါးကိုမဆို ရန်လိုစွာ တိုက်ခိုက်သတ်ဖြတ်ကြသေးသည်။အရွယ်မရောက်ခင် သားခွဲအရွယ်တွင် ပိုမိုအစားကြူးကြသည်။ ဂေဟစနစ်အပေါ်ကြီးစိုး၍ ရေနေသယံဇာတငါးမျိုးစိတ်များအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်သည်အထိ ပြုလုပ်နိုင်သည်။

ထို့ကြောင့် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ ပြည်တွင်းရှိ ငါးသယံဇာတများကို ပျက်စီးစေပြီး ဒေသခံ တိုင်းရင်းငါးမျိုးများကို ပြုန်းတီးစေသည့် ပြည်ပငါးရံ့မျိုးများအား ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝ (မြစ်၊ ချောင်း၊ အင်းအိုင်) များသို့လွှတ်ခြင်းစသည်တို့ မပြုလုပ်ကြရန် တားမြစ်ထားပါသည်။ တားမြစ်ချက်များကို လုပ်ကိုင်နေကြောင်း၊ စစ်ဆေးတွေ့ရှိရပါကငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရအရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရပါသည်။

## ၃။ ပြည်ပမျိုးစိတ် အလှမွေးငါး (ပီးကော့)

သိပ္ပံအမည် - Cichla ocellaris
အင်္ဂလိပ်အမည် - Peacock bass
မြန်မာအမည် - ပီးကော့
တွေ့ရှိရာဒေသ - တောင်အမေရိက

အလှမွေးငါး(ပီးကော့)မှာ တောင်အမေရိကတိုက်ရှိ အမေဇုန်၊အိုရင်နိုကိုမြစ်ဝှမ်းတို့နှင့် ဂိုင်ရားနားမြစ်များထဲ၌ နေထိုင်ကျက်စားကြသည့် သားရဲငါးမျိုးစိတ်ဖြစ်ပါသည်။မျိုးကွဲပေါင်း ၁၀ မျိုးခန့်ရှိပြီး ဒေသတွင်း၌ ၎င်းတို့သည် ဒေသခံများအတွက် အရေးပါသည့် စားငါးမျိုးများဖြစ်သည့်အပြင် ငါးမျှားသမားများအတွက်လည်း sport fishing ငါးအမျိုးအစားအနေနှင့် နာမည်ကြီးပါသေးသည်။ ၎င်းငါးများကို အခြားနိုင်ငံများက စားငါးအဖြစ် လက်ခံမွေးမြူရာကနေ ငါးမွေးမြူရေးကန်များမှ မတော်တဆ လွတ်မြောက်ခြင်း၊ အပန်းဖြေငါးမျှားဖို့ရန်အတွက် ရည်ရွယ်ချက်ရှိရှိလွှတ်လိုက်ခြင်းများကြောင့် ၎င်းတို့ရှိသင့်သည့် နေရာဒေသ၏ ပြင်ပနေရာများသို့ပါ ပျံ့နှံ့ကုန်ပါသည်။

ပီးကော့ငါးသည် အရှည် ၇၄ စင်တီမီတာ (၂၉ လက်မ) အထိရှိပြီး အခြားသော Cichla မျိုးကွဲများနှင့် မျိုးစပ်နိုင်ပါသည်။ အသားစားငါးမျိုးဖြစ်ပြီးကြီးမားသောပါးစပ်ဖြင့် အစာကိုလျင်မြန်စွာစားသုံးနိုင်ခြင်း၊ အခြားသော ငါး/ ပုစွန်ငယ်များအား အလွယ်တကူစားသုံးနိုင်ခြင်း၊ စွမ်းရည် ရှိကြသည်။ ၎င်းငါးမျိုးစိတ်များသည်မျိုးရိုးဗီဇကြောင့်သော်လည်းကောင်း၊ အစာစားပုံအလေ့အထကြောင့်သော်လည်းကောင်းအချိန်တိုအတွင်း အလျင်အမြန်ကြီးထွားနိုင်သည်ဖြစ်၍ ပြည်တွင်းရှိ ငါးသယံဇာတများကို ပျက်စီးစေပြီး ဒေသခံတိုင်းရင်းငါးမျိုးများကို ပြုန်းတီးစေသည့်အတွက် ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝ (မြစ်၊ ချောင်း၊ အင်းအိုင်) များသို့လွှတ်ခြင်း စသည်တို့ မပြုလုပ်ကြရန် တားမြစ်ထားပါသည်။ တားမြစ်ချက်များကို လုပ်ကိုင်နေကြောင်း၊ စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရပါသည်။

## ၄။ စုပ်ခွက်ငါး

သိပ္ပံအမည် - Hypostomus

စာ-၉ သို့

# အင်ဒိုနီးရှားသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၅ ဒသမ ၉ သိန်းကျော် ဝယ်ယူခဲ့ပြီး ထိပ်တန်း ဝယ်သူများစာရင်းတွင် ရပ်တည်လျက်ရှိ

**အင်**ဒိုနီးရှားနိုင်ငံသည် ဧပြီ ၁ ရက်နေ့မှစတင်၍ လက်ရှိ ဘဏ္ဍာရေးနှစ် ၂၀၂၄-၂၀၂၅ ၏ ပြီးခဲ့သည့် ၉ လအတွင်း မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၅၉၃,၀၀၀ ကျော် တင်သွင်းသည့် ထိပ်တန်း တင်သွင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အရ သိရှိရသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၄၁၀,၀၀၀ ကျော်ဖြင့် ဒုတိယအကြီးဆုံး တင်သွင်းသည့် နိုင်ငံဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၂၇၄,၄၀၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၃၁,၀၀၀ ကျော်၊ ဆီနီဂေါနိုင်ငံသို့ ဆန်တန်ချိန် ၉၆,၆၀၀ ကျော်၊ ကိုတ်ဒီဗွာ နိုင်ငံသို့ ၄၆,၉၀၀၊ မိုဇမ်ဘစ် နိုင်ငံသို့ ဆန်တန်ချိန် ၄၄,၂၀၀ ကျော်၊ စပိန်နိုင်ငံသို့ ဆန် တန်ချိန် ၃၀,၀၀၀ ကျော်၊ ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၂၇,၁၀၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၇,၅၀၀၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၇,၄၀၀ ကျော်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၃,၉၀၀ ကျော်နှင့် အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၁၃,၃၀၀ ကျော် အသီးသီး တင်ပို့ခဲ့ပါသည်။

လက်ရှိ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြီးခဲ့သည့် ၉ လ (ဧပြီမှ ဒီဇင်ဘာထိ) အတွင်း မြန်မာ့ဆန်နှင့် ဆန်ကွဲတင်ပို့မှုပမာဏမှာ တန်ချိန် ၂ သန်းအထက်ရှိပြီး တန်ဖိုးအားဖြင့် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၉၄၈ သန်း



ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စာရင်းအင်းများအရ သိရှိရပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (ဧပြီ-မတ်) အတွင်း ဆန်တန်ချိန် ၂ ဒသမ ၅ သန်းအထက် တင်ပို့နိုင်ရန် ရည်မှန်းထားပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာကုမ္ပဏီများမှ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ ရော်ဘာနှင့် ရေထွက်ကုန် ပစ္စည်းများ၏ထွက်ရှိမှုပမာဏပေါ် မူတည်၍ လစဉ်သတ်မှတ်ထားသည့် တင်ပို့မှုပမာဏအား ပြည့်မီစေရန်အတွက် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း၊ မြန်မာ နိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ လစဉ်သတ်မှတ်ထားသည့် ပို့ကုန်ပမာဏများပြည့်မီစေရန်နှင့် လွယ်ကူချောမွေ့စွာတင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆန် တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့် ရရှိရန် မျှော်မှန်းထားခဲ့သည်။ သို့သော်လည်း ဆန်တင်ပို့မှုမှာ လျာထားပမာဏထက် လျော့နည်းသွားပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်း တန်ဖိုး ရှိသော ဆန်တန်ချိန် ၁ ဒသမ ၆ သန်းသာ တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပို့ကုန်ဝင်ငွေဆိုင်ရာ ငွေကြေးမူဝါဒနှင့် အယ်နီညိုရာသီဥတု အခြေအနေတို့အရ ဆန်တင်ပို့မှုကိုအဟန့်အတားဖြစ်စေခဲ့ကြောင်းမြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌက ပြောကြားသည်။

မြန်မာနိုင်ငံသည်လွန်ခဲ့သည့် ဘဏ္ဍာရေးနှစ် ၂၀၂၂-၂၀၂၃ (ဧပြီ-မတ်) ခုနှစ်အတွင်း ပြည်ပကုန်သွယ်ဖက်နိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂,၂၆၁,၂၀၃ တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၈၅၃ ဒသမ ၄၇၂ သန်း ရှိကြောင်း သိရှိရသည်။


**နွေးနွေးအောင်**

https://www.gnlm.com.mm/indonesia-buys-over-590000-tonnes-of-myanmar-rice-tops-buyers-list/

စာ-၈ မှ



ပီးကော့အလှမွေးငါး



စုပ်ခွက်ငါး

plecostomus
အင်္ဂလိပ်အမည် - Suckermouth catfish
မြန်မာအမည် - စုပ်ခွက်ငါး (သို့) လေယာဉ်ပျံငါး
တွေ့ရှိရာဒေသ - တောင်အမေရိက

စုပ်ခွက်ငါးကို ပလီကို(plecos)ဟုလည်း လူသိများကြပြီး ရေညှိရေမှော်များကို စားသောကြောင့် အလှမွေးငါးကန်များကို သန့်ရှင်းပေးသောငါးဟုလည်း ထင်ရှားသည်။စုပ်ခွက်ငါး၏ ခန္ဓာကိုယ်သည် ရှည်မျော မျောရှိပြီး ကြမ်းတမ်းမာကျောသည့် အကြေးခွံများနှင့် ဖုံးအုပ်ထားသည်။ သံချပ်ဝတ်တန်ဆာကဲ့သို့ မာကျောသောကြေးခွံများကြောင့်လည်း "ချပ်ဝပ်ငါးခူ"ဟုလည်း ခေါ်ကြပါသေးသည်။

စုပ်ခွက်ငါးသည် အရှည်ဆုံးအလျား ၁၉ လက်မ (SL) နှင့် အလေးချိန် ၂၀ ကျပ်သားအထိ ကြီးထွားနိုင်ပါသည်။ အလှမွေးငါးအဖြစ်မွေးမြူရန်နှင့် အလှမွေးငါးကန်များတွင် ရေညှိရေမှော်များရှင်းလင်းရန်အတွက် ပြည်ပမှတင်သွင်းလာသည့် စုပ်ခွက်ငါးများသည် ယခုအခါ မြန်မာနိုင်ငံ၏ မြစ်ချောင်းများတွင် ပြန့်နှံ့ရုံသာမက ငါးမွေးမြူရေးကန်များအတွင်း ဝင်ရောက်မှုကြောင့် လုပ်ငန်းရှင်များ အရှုံးပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းများ၊ ဒေသတွင်းတိုင်းရင်းငါးမျိုးစိတ်များ၏ မျိုးပြန့်ပွားမှုများအား အဟန့်အတားများဖြစ်စေကြောင်း တွေ့ရှိရသဖြင့် အလှမွေးငါးများအားမွေးမြူရာတွင် ပြင်ပသို့လွတ်ထွက်စေခြင်း မရှိစေရေးနှင့် စုပ်ခွက်ငါးများအားသဘာဝရေပြင်တွင်တွေ့ရှိပါကရေသတ္တဝါအစာအစားထိုးကုန်ကြမ်းအဖြစ် အသုံးပြုကြရန် သင့်လျော်သောနည်းလမ်းဖြင့်ဖယ်ရှားဖျက်ဆီးကြပါရန် ပညာပေးနှိုးဆော်စာများ ထုတ်ပြန်ထားရှိပြီး သားဖောက်ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ပြန့်ပွားစေခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် သဘာဝ (မြစ်၊ ချောင်း၊ အင်းအိုင်) များသို့လွှတ်ခြင်း စသည်တို့ မပြုလုပ်ကြရန် တားမြစ်ထားပါသည်။ တားမြစ်ချက်များကို လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရပါသည်။

အချုပ်အားဖြင့် ဆိုရသော်-သဘာဝငါးသယံဇာတများကို ထိခိုက်ပျက်စီးစေသည့် ပြည်ပမှ ပြည်တွင်းသို့ တရားမဝင် တင်သွင်းလာသော အာဖရိကငါးခူ၊ ပြည်ပငါးရံ့၊ ပြည်ပမျိုးစိတ် အလှမွေးငါး(ပီးကော့)၊ စုပ်ခွက်ငါးများအား သဘာဝ (မြစ်၊ချောင်း၊အင်းအိုင်)များသို့ စေလွှတ်ခြင်း မပြုကြစေရေးနှင့် သဘာဝ ရေပြင်များတွင် ပြန့်ပွားမှုမရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းကာကွယ်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**
မိုငြမ်း-ငါးလုပ်ငန်းဦးစီးဌာန

# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၂)

## ကမ္ဘာ့အကောင်းဆုံး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ စံသတ်မှတ်ခြင်း-အပိုင်း-၄

(ယခင်အပတ်မှအဆက်)

စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များအပါအဝင် နိုင်ငံတကာထိပ်တန်းတက္ကသိုလ် များ (World-Class Top Universities) ကမ္ဘာကျော်ဖြစ်နေရခြင်း နောက်အကြောင်းရင်း တစ်ခုမှာ ခေတ်မီသစ်လွင်သော တက္ကသိုလ်စာကြည့်တိုက်များ (State-of-the Art University Library) ရှိနေခြင်းသည်လည်း အကြောင်းရင်းတစ်ချက် ဖြစ်ပါသည်။

ကျွန်တော်တို့ နိုင်ငံတက္ကသိုလ်များ စာကြည့်တိုက်များက ဖွံ့ဖြိုးမှု အားနည်းနေသေးသည်ဟု ထင်မြင်မိပါသည်။ ကမ္ဘာ့ ထိပ်တန်းတက္ကသိုလ်များအတွက် စာကြည့်တိုက်၏ အရေးပါမှုများအရ တက္ကသိုလ်စာကြည့်တိုက်များသည် -

(၁) ဗဟုသုတရှာဖွေရန်၊ လေ့လာမှုပြုရန်ဌာနဖြစ်ခြင်း
(Centre for Knowledge and Learning)

စာကြည့်တိုက်သည် စာအုပ်၊ ဘာသာရပ်ဆိုင်ရာဂျာနယ်၊ သုတေသနစာစောင်များနှင့် ယနေ့ခေတ်ဒီဂျစ်တယ် အချက်အလက်များစွာ(Digital Resources)ကိုလည်း သိုလှောင်ထားရှိပါသည်။ထိုစာကြည့်တိုက်များရှိ အဆင့်အတန်းရှိ(High-quality)ပညာရှင်များစစ်ဆေး ပေးထားသော (Peer-reviewed Publications) စာအုပ်၊ဂျာနယ်၊ စာစောင်များမှ အဆင့်မြင့်သုတေသနနှင့် ပညာရပ်ဆိုင်ရာလေ့လာရေး(Advanced Research and Learning)အတွက် မှီငြမ်းစရာ ဖြစ်ရပါမည်။

(၂) သုတေသနအတွက်အထောက်အကူပေးခြင်း
(Support for Research)

အဆင့်မြင့်တက္ကသိုလ်များ၏ အသက်သည် သုတေသနနှင့် တွေ့ရှိချက်များကို ကမ္ဘာ့အဆင့်ဂျာနယ်များတွင်တင်ပြပေးခြင်းဖြစ်ပါသည်။စာကြည့်တိုက်များက အချက်အလက်များ (Databases)၊ကိုးကားရန် ကွန်ပျူတာ အစီအစဉ်ညွှန်ကြားချက်များ(Citation Management Softwares)၊ သုတေသန လမ်းညွှန် များ (Research Guides)ကို ဘွဲ့လွန် ကျောင်းသားများ နှင့် သုတေသီများအတွက် ပံ့ပိုးပေးပါသည်။

(၃) ကမ္ဘာ့စာကြည့်တိုက်များ၏ အရင်းအမြစ်များကြည့်ရှုနိုင်ရန် အခွင့်အလမ်းရှိခြင်း (Access to Global Resources)

စာကြည့်တိုက်အချင်းချင်းငှားရန်းနိုင်သော ဝန်ဆောင်မှု (Inter-library Loans)၊ တက္ကသိုလ်၊ အဖွဲ့အစည်းလိုက် နှစ်စဉ်ကြေးချီသာစွာရရှိခြင်း (Institutional Subscriptions) တစ်နည်းအားဖြင့် တက္ကသိုလ်၊ သုတေသနဌာနများတွင်ရှိနေသော ကျောင်းသား/ကျောင်း သူ၊ ဆရာ/မ၊ သုတေသီများ အားလုံး ဝိုင်းသုံးနိုင်သော အခွင့်အရေးကိုရရှိပါသည်။ တစ်ကမ္ဘာ လုံးရှိ ဒီဂျစ်တယ်မော်ကွန်းမှတ်တန်းများ (Digital Archives)၊ အလကား ရရှိနိုင်သော သုတ ဘဏ် (Open-access Reposities) တို့ကို မိမိနေရာ၊ တက္ကသိုလ်၊ မိမိနိုင်ငံမှပင် လက်လှမ်းမီ ဖတ်ရှု၊ လွှဲပြောင်းကူးယူနိုင်သော အခွင့်အလမ်း (Can download) ရရှိပါသည်။

(၄) ပညာရပ်ဆိုင်ရာဂုဏ်သိက္ခာ မြှင့်ပွားနိုင်ခြင်း
(Promoting Academic Integrity)

စာကြည့်တိုက်များက စနစ်တကျမှီငြမ်းကိုးကားမှု (Proper Citation)၊ ပုံတူကူးချမှုကို ဖယ်ရှားမှု (Avoiding Plagiarism)၊ ကျင့်ဝတ်နှင့်ကိုက်ညီသော သုတေသနများ ပြုလုပ်စေမှု (Conducting ethical Research) စသည်တို့ကို လမ်းညွှန်ပေးခြင်းဖြင့် မိမိပညာရပ်၏ဂုဏ်သိက္ခာများတိုးပွားစေပါသည်။ တက္ကသိုလ်စာကြည့်တိုက်များသည် မှီငြမ်းမှုနည်းစနစ်အမျိုးမျိုး (Referencing Styles)၊ သုတေသနပြုလုပ်နည်းစနစ်များ (Research Methodology)၊ ကျိုးကြောင်းသင့်စွာ အကဲဖြတ်သုံးသပ်မှု (Critical Information Evaluation) များစွာကို ကျောင်းသား/ကျောင်းသူများအား သင်ကြားပေးပါသည်။

(၅) ပူးတွဲလုပ်ဆောင်မှုနှင့် တီထွင်ဖန်တီးမှုတို့အတွက်နေရာပေးခြင်း
(Spaces for Collaboration and Innovation)

ခေတ်မီစာကြည့်တိုက်များ (Modern Libraries) က အချင်းချင်း ဆွေးနွေးတိုင်ပင်ကြရန် အခန်းများ (Discussion Rooms)ထားပေးပါသည်။ စာအုပ်များဖတ်ရုံသာမက ရုပ်သံများ ပါလေ့လာနိုင်သော အခန်းများ (Multi-media Labs) လည်းရှိပါသည်။ ဆရာနှင့်တပည့်များ စာကြည့်တိုက်အတွင်း၌ပင် ဆွေးနွေးကြ၊ တိုင်ပင်ကြ၊ လိုအပ်သည်များကို ရှာဖွေခြင်းများ ပြုလုပ်နိုင်ပါသည်။ ကွန်ပျူတာနှင့် အင်တာ နက် (Internet)၊ ဝိုင်ဖိုင် (Wi-Fi) ပံ့ပိုးမှုကိုတော့ ပေးထားရပါမည်။

(၆) ဗဟုသုတနှင့်နိုင်ငံအလိုက်ယဉ်ကျေးမှုကို ထိန်းသိမ်းပေးခြင်း
(Preservationof Knowledge and Culture)

စာကြည့်တိုက်များက ရှားပါးရှေးဟောင်းစာပေများ (Rare manuscripts)၊ သမိုင်းဝင် လက်ရေးမူလက်မှတ်ပါအထောက်အထားများ(Historical documents)၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းပစ္စည်းများ (Cultural artifacts)ကို တာရှည်ခံအောင် ကာကွယ်ပေးထား (Preserve) သဖြင့် သုတေသနနှင့်သင်ယူရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များ ဖြစ်ပါသည်။ ဤသည့် စုဆောင်းမှုများ (Collections) ကို ရေရှည်တည်တံ့နိုင်အောင် ခေတ်မီ နည်းပညာ ဒီဂျစ်တယ်စနစ် (Digital Collection) များဖြင့် ထိန်းသိမ်းထားနိုင်သည့် စွမ်းရည် ရှိလာပါပြီ။

(၇) ဒီဂျစ်တယ်ခေတ်ကိုစာအုပ်စာပေမှ ပြောင်းလဲခြင်း
(Adaptation to Digital Transformation)

ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ၏ စာကြည့်တိုက်များသည် နည်းပညာအသစ်များကို လက်ခံကျင့်သုံးရန် ထိပ်ဆုံးက ခေါင်းဆောင်သဖွယ်ဖြစ်ပြီး အီလက်ထရောနစ်စာအုပ် (e-books)၊ အွန်လိုင်းဂျာနယ် (Online Journals)၊ လက်နက်ကိရိယာပုံစံတူ (Virtual Reality Tools)စသည်တို့ကို စာကြည့်တိုက်များမှစတင်ခဲ့ပါသည်။ စာကြည့်တိုက်များက ဒီဂျစ်တယ်ပညာရေး (Digital Literacy Training)ကို သင်တန်းပေးနိုင်ပါသည်။

(၈) ပညာရပ်ဆိုင်ရာအသုံးပြုခွင့်နှင့်သာတူညီမျှရှိခြင်း
(Equity and Accessibility)

စာကြည့်တိုက်များက ကျောင်းသား/သူ၊ ကျား/မ လူတန်းစားမရွေး အခွင့်အရေး တူညီစွာရပါသည်။ မသန်စွမ်းသူများအတွက်လည်း သီးသန့်အခွင့်အရေး ပေးထားပါသည်။

(၉)မိမိသက်ဆိုင်သောအရပ်အဝန်းအလိုက်ကွန်ရက်သဖွယ်ချိတ်ဆက်ပေးခြင်း (Community and Networking)

စာကြည့်တိုက်များကအသိဉာဏ်ပညာဖလှယ်မှု(Intellectual Exchange)၊ ဟောပြော ပွဲ (Hosting Seminars)၊ စာအုပ်အသင်း (Book Clubs)၊ ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ (Academic Conferences)များ ချိတ်ဆက်ပေးပါသည်။ထို့အပြင်ကျောင်းသား/သူအချင်းချင်း၊သုတေသီအချင်းချင်း၊ ပညာရှင်အချင်းချင်းချိတ်ဆက်ပေးနိုင်သော အခွင့်အလမ်း ဖန်တီးပေးပါသည်။

(၁၀)စာကြည့်တိုက်များက တက္ကသိုလ်များကမ္ဘာ့အဆင့်မီရေး မြင့်တင်ပေးခြင်း (Enhancing University Rankings)

အဆင့်မီ၊ခေတ်မီစာကြည့်တိုက်များရှိခြင်းဖြင့်တက္ကသိုလ်များ ဂုဏ်တက်လာပြီး၊ထူးချွန် ထက်မြက်သော ပညာရှင်၊ ကျောင်းသား/သူများ လာရောက်ရန် ဆွဲဆောင်ပေးနိုင်ပါသည်။ ထို့အခွင့်အရေးများကြောင့် တက္ကသိုလ် အဆင့်အတန်းမြင့်လာပြီး ကမ္ဘာက လေးစားရသော တက္ကသိုလ်များ ဖြစ်လာနိုင်ပါသည်။

စာရေးသူအတွက်စာကြည့်တိုက်ဆိုလျှင် ကျွန်တော်စာသင်ခဲ့သည့် ဆင်ပေါင်ဝဲ အထက စာကြည့်တိုက်မှ စရေးရမည်ထင်ပါသည်။ ကျွန်တော်

စာ-၁၁ သို့

e-Paper ကို
agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်

စာ-၁၀ မှ

မှတ်မိသလောက် ၁၉၇၀-၇၃ ခုနှစ် များက ကျွန်တော်တို့နယ်မြို့ကလေးတွင် သိပ္ပံခန်း (ရူပဗေဒသင်သော ဆရာဦးစိန်အောင် စီမံကွပ်ကဲပါသည်)၊ ကျောင်းဥယျာဉ် (School Garden) (ဆရာဦးစိုးသိန်း ကြီးကြပ်ပါသည်။ ဆရာယခုအထိ အသက်ရှိထင်ရှားရှိပါသေးသည်။ ဆရာက သဲကုန်းစိုက်ပျိုးရေးအထက ကျောင်းဆင်း တစ်ယောက်ပါ။ ထို စိုက်ပျိုးရေးအထကကျောင်းများ ပြန်လည်ဖွင့်လှစ် ထားပါပြီ)နှင့် နောက်ဆုံးကျောင်းစာကြည့်တိုက်ပါ။ ကျွန်တော်တို့ကာတွန်းစာအုပ် (တေဇ၊ ရွှေသွေး ထင်ပါသည်) ဖတ်ရာကစပါသည်၊ ကျွန်တော်ငယ်ငယ်က အဖေ၊ အမေ တို့က ကျောင်းဆရာများ ဖြစ်၍ ဘယ်မှ မလည်ရ၊ မသွားရပါ။ တစ်ခါတလေတော့ သားရေကွင်းပစ်၊ ကျောက်ဒိုး၊ သံလုံးလေးများဖြင့် ပိုက်ဆံအကြွေစေ့ ငါးပြား၊ ဆယ်ပြားစေ့ကလေးများ ထောင်ကာ ဒိုးပစ် ကစားခွင့်တော့ရပါသည်။ အိမ်မှာ နေရသည်ကများ၍ အိမ်ကယူသော သတင်းစာ၊ ဂျာနယ် စသည်တို့ဖတ်ရင်းစာဖတ်ဝါသနာပါခဲ့ပါသည်။ ၇ တန်းနှစ်လောက်ကပဲထင်သည်။ ဝတ္ထုမဂ္ဂဇင်း တွေလည်းစဖတ်နေပါပြီ။ငယ်ငယ်ကဒိုးပစ်ဖက်သူငယ်ချင်းများတစ်ချို့ရှိပါသေးသည်၊ စာအုပ်အငှားဆိုင်ကဒေါ်ကြည်အေးလည်း ယခုတော့ ဆင်ပေါင်ဝဲတွင် ကွယ်လွန်သွားပါပြီ။ ၁၉၇၄-ခုနှစ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့ကြိုပညာသင်တန်းတက်တော့ ပထမစာကြည့်တိုက်က စာသင်ခန်းမ-၂ အောက်တွင် သွားရောက်ငှားရမ်း ဖတ်ရှုခဲ့ရပါသည်။ နောက်မှ ၁၀-သိန်း တန်၊ ယခုတော့ သီးသန့် အဆောက်အဦနှင့် ခန့်ညားစွာဖြစ်နေပါပြီ။

မကြာခဏသွားရောက်ခဲ့ရပါသည်။

ထိုစဉ်က ပထမဆုံး အတွေ့အကြုံမှာ မိတ္တူကူးခြင်း (Photo copying) ပါ၊ မိတ္တူကူးစက် (Photocopier) ပေါ်နေပြီ ဖြစ်သော်လည်း ကျွန်တော်တို့အဖို့ ပထမဆုံးအတွေ့အကြုံပါ။ ကွန်ပျူတာ ပရင်တာမှာ (Dot Printer) ဖြစ်ပြီး လေဆာပရင်တာ (Laser Printer)၊ အင် တာနက် (Internet)၊ လက်ပ်တော့ (Laptop)၊ မောက်စ်၊ ကွန်ပျူတာအမိန့်ပေးခလုတ် (Mouse)၊ မိုဘိုင်း၊ လက်ကိုင်ဖုန်း (Mobile or Cell Phone) တို့ မပေါ်သေးပါ။ သို့သော် လေ့လာရမည့် ပြဋ္ဌာန်းစာအုပ် (Textbooks)၊ ရည်ညွှန်းစာအုပ် (Reference Books)၊ စိုက်ပျိုး ရေးဆိုင်ရာဂျာနယ် (Agricultural Journals) များမှာမူ စုံလင်လှပါသည်။

စာကြည့်တိုက်မှာ ကျောင်းဖွင့်ရက်၌ နေ့တိုင်း (တစ်ပတ် ၇-ရက်) နံနက် ၈-နာရီမှ ည ၁၀-နာရီ၊ စနေ၊ တနင်္ဂနွေ နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိဖွင့်လှစ်ပေးပါသည်။ (ဂျာမနီနိုင်ငံ စာကြည့်တိုက်များမှာ တနင်္ဂနွေပိတ်ပါသည်) ကျွန်တော့်မှာ မိသားစုနှင့်ဝေး၊ တစ်ဦးတည်းကျောင်းသားဘဝဖြစ်ရောက်သည်နှင့်အချိန်အားသရွေ့စာကြည့်တိုက်သို့ရောက် ဖြစ်ခဲ့ပါသည်။

နောက်ဆုံး ၂၀၀၂-ခုနှစ် ဂျာမနီနိုင်ငံ ပါရဂူဘွဲ့သင်တန်းတက်ရတော့ပါရဂူဘွဲ့ စာကြည့်တိုက် အသုံးပြုပုံကတော့ ပုံစံတစ်မျိုး ဖြစ်သွားပါပြီ။ ကက်တလောက်ကို အင်တာနက် အွန်လိုင်းမှ မှာယူကြည့်၍ ကျွန်တော်နေထိုင်ရာဌာန သီးနှံသိပ္ပံဌာန (Institute of Crop Science - ယခုတော့ အပူပိုင်းနှင့်အပူလျော့ပိုင်း ဒေသဩဂဲနစ် သီးနှံစိုက်ပျိုး ထုတ်လုပ် ရေးနှင့် သီးနှံ


ဂျာမဏီနိုင်ငံ၊ ဂူတင်ဂန်တက္ကသိုလ် စာကြည့်တိုက်

၁၉၈၆-ခုနှစ် ဒုတိယအဆင့် မဟာစိုက်ပျိုးရေးသိပ္ပံပညာ သွားတက်ရချိန်တွင် ဩစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ရှိ အင်္ဂလိပ်စာ သင်ကြားရေးဌာန (English Preparation Centre - EPC) ကစပါသည်၊ ကျွန်တော်တို့ ပုံမှန်သင်ကြားနေရသည့် သဒ္ဒါ (Grammar)၊ အသံထွက် (Pronunciation)၊ ဝေါဟာရ(Vocabulary)များကို သင်ကြားခြင်းမဟုတ်ပါ။ တက္ကသိုလ် တက်ရောက်မည့် ကျောင်းသားများအတွက် လိုအပ်မည့်အင်္ဂလိပ်စာများ (English for Academic Purposes) ကို သင်ကြားပေးခြင်းဖြစ်ပါသည်။ ဥပမာ - စာကြည့် တိုက် အသုံးချ ပုံ (Use of University Library)၊ သင်ခန်းစာအလုပ်နှင့်သိပ္ပံ (Assignment and Scientific Writing Skills) ရေးပုံရေးနည်း၊ မြို့ထဲသို့သွားရာတွင် တွေ့ကြုံရမည့် အခက်အခဲများ (Out and About)၊ ဈေးဝယ်ပုံ ဈေးဝယ်နည်း၊ ဘဏ်တွင်ငွေသွင်း၊ ငွေထုတ်နည်း၊ ထိုခေတ်က (Automated Teller machines – ATM) ကတ်ကို မြင်တောင်မမြင်ဖူးပါ။ အင်္ဂလိပ်စကား ပြောရုပ်ရှင်ကြည့်ရှု၍ အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာနည်း (Using Movies for English Language Skill)၊ နားထောင်နိုင်မှု စွမ်းရည်လေ့လာခြင်း (Listening Skill) စသည်တို့ ဖြစ်ပါသည်။ ဆစ်ဒနီတက္ကသိုလ်စာကြည့်တိုက် (Sydney University Library)သို့ သွား၍ စာကြည့်တိုက်အသုံးပြုနည်းများကို လေ့လာခဲ့ရပါသည်။

ထိုမှ ၁၉၈၇ခုနှစ်၊ဖေဖော်ဝါရီလ ကျွန်တော် တကယ်မဟာစိုက်ပျိုးရေးပညာသင်ကြားမည့် ကွင်းစလန်တက္ကသိုလ် (The University of Queensland, Brisbane - UQ) သို့ ရောက် ရှိသောအခါမှ ကြိုတင်ပြင်ဆင်နေသည့် ရက်သတ္တပတ်များ (Orientation Weeks)တွင် စာကြည့်တိုက် လေ့လာရေး (Library Tour) ကို အချိန်ပေးပြီး သင်ယူခဲ့ရပါသည်။ ကွင်းစလန် တက္ကသိုလ်တွင် စာကြည့်တိုက် အဆောက်အဦပေါင်း (Library Branches) ၇ ခုလောက်ရှိပြီး စိုက်ပျိုးရေးနှင့်ဆိုင်သော ဇီဝသိပ္ပံစာကြည့်တိုက် (Biological Science Library) (ကျွန်တော် ၂၀၁၇-ခုနှစ်က ကွင်းစလန်တက္ကသိုလ်ပြန်ရောက်သွားတော့ထိုစာကြည့်တိုက်က ဒစ်ဂျစ်တယ် စာကြည့်တိုက် (Digital Library) ဖြစ်သွားပါပြီ)၊ ဘွဲ့ကြိုစာကြည့်တိုက် (Undergraduate Library)၊ပင်မစာကြည့်တိုက်(Main Library)တို့ကိုသာ

ပတ်ဝန်းကျင်စနစ်ဆိုင်ရာသုတေသနဌာန - Organic Plant Production and Agroecosystems Research in the Tropics and Sub-Tropics) သို့ အရောက်ပေးပို့သည့် စနစ် ဖြစ်ပါသည်။ စာကြည့်တိုက်သို့ လူကိုယ်တိုင်သွားစရာ မလိုတော့ပါ။

နောက်တစ်ခုက ကက်ဆယ်တက္ကသိုလ်တွင် စာကြည့်တိုက် အဆောက်အဦခွဲ (Branches of Kassel University Library) ပေါင်း ၇ ခု ရှိပါသည်၊ ဂျာမနီနိုင်ငံ တစ်နိုင်ငံ လုံး ပို့ဆောင်ရေးစနစ်က အလွန်ကောင်းမွန်သဖြင့် ကက်ဆယ်နှင့် ဂိုတင်ဂန် တက္ကသိုလ် (Gottingen University) ရှိ စာကြည့်တိုက်များသို့ သွားရောက်ရာတွင် ကျွန်တော်တို့အား နှစ်ဝက်လက်မှတ် (Semester Tickets for Students) ပေးထားသဖြင့် ကြိုက်သည့် ဒေသ ရထား(Regional Trains)၊မြို့ပတ်ရထား(Tram – ဂျာမန်အခေါ် - Strassenbahn) တက်စီး စီးပိုက်ဆံထပ်ပေးစရာမလိုတော့ပါ (ဂိုတင်ဂန် တက္ကသိုလ်ရှိရာပြည်နယ်တွင်တော့မရပါ)။

ဂိုတင်ဂန် တက္ကသိုလ်စာကြည့်တိုက်ကလည်း အကြီးကြီးဖြစ်ပြီး အဆောင်ငါးဆောင်၊ အထပ် ၇ ထပ်ရှိပါသည်။ မြေအောက်ထပ်တွင် စာအုပ်အသစ်များ ထားပါသည်။ ကျွန်တော် တို့မြို့ကလေးနှင့်နီး၊ ရထားခလည်း ပေးစရာမလိုတော့သဖြင့် စနေ တနင်္ဂနွေ အားလပ်ရက် တိုင်း ရောက်ဖြစ်ပါသည်။

ကျွန်တော် မကြာမီရက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန၊ စာကြည့်တိုက် ရောက်တော့ စာအုပ်၊ စာတန်းစုစုပေါင်း မည်မျှရှိပါသလဲဟု မေးကြည့်ရာ စုစုပေါင်း ၁၀၀၀၀ (တစ်သောင်းခန့်) ရှိသည်ပြောပါသည်။ စိုက်တက္ကသိုလ်၊ စာကြည့်တိုက်မှာ ၃၅၀၀၀ (သုံးသောင်းခွဲခန့်)၊ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ၃၅၀၀၀၀(သုံးသိန်းခွဲခန့်)ရှိကြသည်ဟု မေးမြန်း သိရှိရပါသည်၊ ကမ္ဘာ့အကောင်းဆုံး နံပါတ် (၁)တက္ကသိုလ်၊ ဟားဗတ်တက္ကသိုလ် (Harvard University)က စာအုပ်၊ စာတန်းပေါင်း ၄-သန်းကျော်ရှိပါသည်။(Digital Documents, e-books) များ မပါဝင်သေးပါ) တက္ကသိုလ်များ အဆင့်မြှင့်တင်ရေးအတွက် စာကြည့်တိုက်များ၏ အရေးပါမှုကို မီးမောင်း ထိုးပြချင်တာပါ။

(ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်

## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းအဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၈၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်း အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၈၁၀၀၀ ကျပ် နှင့် အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်ကြမ်း ၂၅ ရာခိုင်နှုန်းနှင့် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၆၄၅၀၀ ကျပ်နှုန်းနှင့်အောက်စတစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှုန်းဖြင့်လည်း ကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၆၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ် အိတ်လျှင် ၆၅၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီးရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ပြည်တွင်းစားသုံးမှုများသော ဆန်ချော၊ ဆန်လတ် အချို့မှာ ဆန်သစ်အဝင်လှိုင်ချိန်ဖြစ်ခြင်း၊ ဆန်ဟောင်းများ ဈေးမြင့်နေချိန်ဖြစ်ခြင်း၊ စားသုံးသူများမှ ဝယ်လိုအားနည်းနေခြင်းတို့ကြောင့် ယခင် အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဆန်စပါး ပိုလျှံနေခြင်းကြောင့် ဆန်ရောင်းလိုအားများခြင်း၊ ရူပီးငွေဈေး စံချိန်တင်ကျဆင်းနေခြင်း တို့ကြောင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်အရောင်းအဝယ်အေးကာ ဈေးနိမ့်လျက်ရှိသည်။ ထို့ကြောင့် အိမ်နီးချင်း ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် မြန်မာပြည်ပပို့ဆန်ဈေးနှုန်းများ ကျဆင်း ကာ အရောင်းအဝယ် အေးလျက်ရှိသည်။ ပြည်ပပို့ဆန်များ ဈေးနိမ့်လာခြင်းကြောင့် ပြည်ပတင်ပို့ သူများအနေဖြင့်အဝယ်ရပ်ကာ ကုန်သည်များနှင့် ဆန်စက်ပိုင်များကလည်း ဝယ်ယူမှုလျော့နည်း ခဲ့သည်။ထို့ကြောင့် ပြည်တွင်းလက်ကားဈေးကွက်တွင်လည်း ဆန်ကြမ်းဈေးနှုန်းများ ယခင် အပတ်ထက် ကျဆင်းလာခဲ့သည်။ ယခင်အပတ်ဈေးနှုန်းများဖြင့် နှိုင်းယှဉ်ပါက ဧည့်မထ ဆန်ကြမ်း ၂၅ ရာခိုင်နှုန်း တစ်အိတ်လျှင် ၅၀၀ ကျပ်ခန့်၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ၂၀၀၀ ကျပ်ခန့်၊ ဧယာဆန်တစ်အိတ်လျှင် ၁၀၀၀ ကျပ်ခန့်၊ ငစိန်ဆန်တစ်အိတ်လျှင် ၅၀၀၀ ကျပ်ခန့် အသီးသီး ဈေးနိမ့်ခဲ့ကြသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ပြီး စားသုံးသူများမှလည်း ပုံမှန်ဝယ်ယူမှုသာရှိခဲ့ ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်း

၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ပြောင်းထုတ်လုပ်မှုများ ကျဆင်းမည်ဟု ခန့်မှန်းထားခြင်းကြောင့် လည်းကောင်း၊ ပြည်တွင်း၌လည်း သဘာဝဘေးနှင့် ပြည်တွင်း မငြိမ်သက်မှုများကြောင့် စိုက်ပျိုးထုတ်လုပ်မှုကျဆင်းခဲ့ခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံသို့ အကောက်အခွန်လွတ် တင်ပို့ချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်နှင့် ထိုင်းနိုင်ငံ များသို့ ပင်လယ်ရေကြောင်းမှတင်ပို့မှုရှိခြင်းတို့ကြောင့် လည်းကောင်း ပြောင်းတင်ပို့သူများက ဝယ်လိုအားကောင်းကာ အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်ရက်သတ္တပတ်နည်းတူ ဈေးနှုန်း အမြင့်တွင် တည်ငြိမ်နေခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၉၁၂၆၀ ကျပ်ဖြစ်သည်။ ရှမ်းပြည်နယ်၊ ရောဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းတို့မှ အစေ့ထုတ်ပြောင်းများ ဈေးကွက်သို့ ဝင်ရောက်မှုရှိခဲ့ ကြောင်း သိရသည်။

## ပဲမျိုးစုံ

ပဲမျိုးစုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် မတ်ပဲသစ်ပေါ်ချိန်ဖြစ်ခြင်းနှင့် ရူပီးငွေတန်ဖိုး ကျဆင်းနေခြင်းတို့ကြောင့် မြန်မာ့မတ်ပဲများအား လိုသလောက်သာ ထိန်း၍ ဝယ်ယူမှုရှိလာခြင်းကြောင့်လည်းကောင်း၊ ပြည်တွင်း၌လည်း ပဲသစ်ပေါ်ချိန်ဖြစ်၍ ရောင်းလိုအားများခြင်းကြောင့်လည်းကောင်း မတ်ပဲ(သဘော်တင်)ဈေးနှုန်းများ ယခင်အပတ် ထက် ဈေးနိမ့်လာခဲ့သည်။ မတ်ပဲ(သဘော်တင်)တစ်တန်လျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၉၈၆၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၂၉၄၀၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲစင်းငုံ(သဘော်တင်)မှာမူ အိန္ဒိယနိုင်ငံတွင် ဈေးကွက်သို့ ပဲအဝင်နည်းခြင်း၊ ပဲခွဲစက်များမှ အဝယ်များခြင်း၊ အိန္ဒိယသို့ အကောက်ခွန်လွတ်တင်သွင်းခွင့်ကို ၃၁-၃-၂၀၂၆ အထိ သက်တမ်း တိုးခွင့်ပြုခဲ့ခြင်းကြောင့်လည်းကောင်း၊ မြန်မာပြည်တွင်း၌လည်း လှောင်လက်များက ဝယ်ယူမှုများခြင်းကြောင့်လည်းကောင်း၊ ပဲစင်းငုံ (သဘော်တင်)ဈေးနှုန်းများမှာ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ပဲစင်းငုံ(သဘော်တင်)တစ်တန်လျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၂၈၇၀၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၉၄၅၀၀၀ ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်)မှာ ကုန်သေတ္တာ ၉၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံ (သဘော်တင်)မှာ ကုန်သေတ္တာ ၄၅ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ အိန္ဒိယအပြင် အခြားနိုင်ငံများမှ ဝယ်လိုအားရှိ သော ပဲတီရွှေဝါဈေးနှုန်းများမှာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်ကာအရောင်းအဝယ် အေးလျက်ရှိသည်။ ပဲတီရွှေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၃၇၉၅၀ ကျပ်ဖြစ်သည်။ထောပတ်ပဲမှာ ဈေးကွက်သို့ ကုန်အဝင်နည်းသော်လည်း ပြည်တွင်း၊ ပြည်ပမှ ဝယ်လိုအားနည်းခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေး ခဲ့သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၁၅၆၀၀ ကျပ် ဖြစ်သည်။ ပဲလွမ်းဖြူနှင့်ဘိုကိတ်ပဲမှာ စိုက်ပျိုးထုတ်လုပ်မှုနည်းသော ပဲအမျိုးအစားဖြစ်ခြင်း၊ ပြည်တွင်းသုံးစွဲမှုသာရှိခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၄၇၅၀၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၄၅၁၀၀ ကျပ်ဖြစ်သည်။ ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၅၂၄၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၄၇၅၀၀ကျပ် ဖြစ်သည်။ ကုလားပဲမှာ ပဲသစ်ပေါ်ချိန်ဖြစ်ခြင်း ကြိတ်ခွဲရန်သင့်တော်သည့် အစိုဓာတ်မရောက် သေး၍ခွဲစက်များမှ ဝယ်လို အားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။ ကုလားပဲလုံးတစ်ပိဿာလျှင်ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၄၇၀ ကျပ်ဖြစ်ပြီးယခုအပတ်ဈေးနှုန်းမှာ ၄၀၃၅ ကျပ်ဖြစ်သည်။ ကုလားပဲခြမ်းတစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်း မှာ ၆၂၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၅၉၅၀ ကျပ်ဖြစ်သည်။ပဲပုပ်ပဲမှာ ပဲဟောင်းလက် ကျန်နည်းခြင်း၊ လုပ်ငန်းသုံးရန်ဝယ်ယူမှုများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့ သည်။ ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၇၇၅၅၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၈၂၅၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။

## စားသုံးဆီ

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၀၇၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၉၀ ကျပ် ဈေးနိမ့်လာခဲ့ခြင်း ဖြစ်သည်။ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသောဆီဆိုင်အချို့၌ ရည်ညွှန်းဈေး နှုန်းထက်များစွာ မကွာသောဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သား နှုန်းရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၂၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**



၁၀-၂-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၀-၂-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်

ဆန်အသစ်ဝင်ရောက်မှုရှိခြင်း၊မြို့တွင်းစားသုံးမှုသာရှိခြင်း၊ မန္တလေးဝန်းကျင်မှ မှာယူမှုနည်းခြင်း၊ တင်ပို့နေကျဒေသများသို့ လမ်းပမ်းဆက်သွယ်ရေးအရ တင်ပို့နိုင်မှုနည်းခြင်းကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၃၀၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်းတစ် အိတ် ၁၃၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မနောသုခဆန်မှာ မန္တလေးဝန်းကျင်မှ အသစ်များအဝင်ရှိခြင်း၊ လူလတ်တန်းစားအများသုံးဆန် ဖြစ်ခြင်းကြောင့် တစ်အိတ် ၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ငစိန်ဆန်မှာ အသစ်များဝင်ရောက်မှုများခြင်း၊ လုပ်ငန်းသမား၊ မုန့်လုပ်ငန်းရှင်များ ဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် တစ်အိတ်၈၀၀၀၀ကျပ်မှ ယခုအပတ် ၇၅၀၀၀ကျပ်သို့ ဈေးနိမ့် သွားပြီး ဧယာဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၈၇၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ရေမင်းဆန်မှာ အသစ်အဝင်နည်းသွားခြင်း၊ မြို့တွင်း စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ယခင်အပတ် ၁၂၅၀၀၀ကျပ်မှ ယခုအပတ် ၁၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ဆီထွက်သီးနှံ

မြေပဲ (လုံးဆန်)ဈေးနှုန်းမှာ အရည်အသွေးကွာခြားမှုပေါ် မူတည်၍ လုံးဆန် အဟောင်း ၁၀၀ ပိဿာ ၈၄၀၀၀၀ကျပ်၊ မြင်းမူလုံးဆန်(သစ်) ၉၈၀၀၀၀ကျပ်၊ လုံးဆန်(အညာ)၈၄၀၀၀၀ကျပ်ဖြင့် လုပ်ငန်းသမား များ ဝယ်ယူမှုပုံမှန်ရှိနေသည်။ မြေပဲ(ဆီဆန်)မှာ အသစ်များဝင်ရောက်မှုရှိပြီး ဆီစက်သမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာလျှင် အရည်အသွေးကွာခြားမှုအရ ၈၂၀၀၀၀ကျပ်မှ ၈၄၀၀၀၀ ကျပ် ဖြင့် ရောင်းဝယ်နေသည်။

နှမ်းမျိုးစုံတို့အနက် နှမ်း(ဖြူ)မှာ ဆောင်းနှမ်းအဝင်ပုံမှန်ရှိသော်လည်း လုပ်ငန်းသမားနှင့် နယ်ဝေးသမားဝယ်ယူမှုနည်းခြင်းကြောင့် အရည်အသွေးကွာခြားမှုပေါ်မူတည်၍ အနိမ့်ဆုံး ၄၅ ပိဿာ ၃၃၅၀၀၀ကျပ်မှ အကောင်းဆုံး ၃၄၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းညိုမှာ အဝင်ပုံမှန်၊ ဆီစက်သမားဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ၃၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး နှမ်းနက်(စမုံ)မှာ ၇၀၀၀၀၀ကျပ်၊ နှမ်းဝါ ၃၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းဈေးနှုန်းအနေဖြင့် အသစ်မဝင်သေးခြင်း, လှောင်သမား ထုတ်ရောင်းမှုရှိခြင်း ဆီစက် သမား အဝယ်နည်းခြင်းကြောင့် ၄၅ ပိဿာ ၂၃၅၀၀၀ကျပ် ဈေးရှိပြီး နေကြာဈေးနှုန်းမှာ ဆောင်းနေကြာ ဝင်ရောက်မှုရှိခြင်း၊ လှောင်သမားထုတ်ရောင်းမှုရှိခြင်းကြောင့် ၂၇ ပိဿာ ၁၈၀၀၀၀ကျပ်မှ ၁၆၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)မှာ သာစည်၊ ပျော်ဘွယ်ဘက်တွင် ရာသီကုန်ဖြစ်၍ အဝင်မရှိတော့ဘဲ ဇရောဝတီတိုင်းမှ ဝင်ရောက်မှုရှိပြီး တစ်ပိဿာ ၁၅၀၀၀ကျပ်မှ ၁၂၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး၊ ငရုတ်ခြောက်(လတ်)မှာ ရှမ်းစကများ အဝင်နည်းသွားခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ၁၂၀၀၀ကျပ်မှ ၁၆၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်းမှ ဝင်ရောက်သော အပွသီး(အသစ်)များ ဖြစ်၍ အဝင်များလာခြင်း ကြောင့် တစ်ပိဿာ ၂၀၀၀၀ကျပ်မှ ၁၈၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

ကြက်သွန်နီမှာ နယ်စုံကြက်သွန်များ ရာသီကုန်အဝင်မရှိတော့ဘဲ မြစ်သားကြက်သွန် တစ်မျိုး တည်းသာတွေ့ရပြီး ကြီးတစ်ပိဿာ ၃၅၀၀ကျပ်၊ လတ်တစ်ပိဿာ ၃၂၀၀ကျပ်၊ သေးတစ် ပိဿာ ၂၈၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူ(တရုတ်)အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကြောင့် အဝင်နည်းခြင်းကြောင့် လက်ကျန်များသာ ရောင်းဝယ်မှုရှိပြီး တစ်ပိဿာ ၁၅၀၀၀ မှ ၁၆၀၀၀ထိ အရည်အသွေးပေါ်မူတည်၍ ရောင်းချမှုရှိသည်။ ကြက်သွန်ဖြူ(ရှမ်း) ရာသီကုန်ပစ္စည်းရှားသွားပြီး ရွှေဘို၊ ရွှေပန်းကုံးရွာလက်မှ ကြက်သွန်ဖြူ(မြန်မာ)များ ဝင်ရောက်မှုရှိပြီး အရည်အသွေးကောင်းလာခြင်း၊ အဝင်နည်းသေးခြင်းကြောင့် အညံ့ဆုံး တစ်ပိဿာ ၄၀၀၀ကျပ်မှ ၆၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး အကောင်းဆုံး ၁၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

တရုတ်အာလူးအဝင်မရှိသလောက်နည်းပြီး အောင်ပန်းအာလူးများ အဝင်များခြင်း၊ နယ်ဝေး တင်ပို့ရမှုနည်းခြင်း၊ အာလူးကြော်သမားအဝယ်နည်းခြင်းကြောင့် တစ်ပိဿာ၅၀၀၀ကျပ်မှ ၄၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ချင်းဈေးနှုန်းမှာ အောင်ပန်းချင်းများ လှိုင်လှိုင်ဝင်ရောက်ခြင်း၊ နယ်ဝေးတင်ပို့ရမှုနည်းခြင်း၊ ချင်းထိုးသမားအဝယ်နည်းခြင်းကြောင့် တစ်ပိဿာ၃၀၀၀ကျပ်မှ ၂၈၀၀ကျပ်သို့ ဈေးမသိမသာနိမ့် သွားသည်။

## ပဲမျိုးစုံ

မတ်ပဲမှာ ရန်ကုန်ဝယ်လက်၊ လှောင်သမား၊ ပဲခွဲစက်များအဝယ်ရှိခြင်းကြောင့် အသစ်ဝင်ရောက်မှုရှိသော်လည်း ကျောက်ရစ်ပဲ(၃တင်းတစ်အိတ်) အရည်အသွေးအကောင်းဆုံး၂၇၇၀၀၀ကျပ်၊ မတ္တရာနှင့် အညာပဲ ၂၇၀၀၀၀ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲတီစိမ်း(အညာ)မှာ တရုတ်ဝယ်လက်နည်းပြီး လုပ်ငန်းသမားနှင့် လှောင်သမား၊ ပဲခွဲစက် အဝယ်နည်းခြင်း၊ စိုက်ပျိုးရာဒေသများမှ ဆောင်းပဲများ ဝင်ရောက်ခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၃တင်းတစ်အိတ်၂၈၅၀၀၀ကျပ်မှ ၂၈၀၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

ပဲစဉ်းငုံ(နီ)မှာ အသစ်ဝင်ရောက်မှုရှိပြီး ရန်ကုန်သမားအဝယ်နည်းခြင်း၊ လုပ်ငန်းသမားနှင့် ခွဲစက်များအဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၇၄၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ်(ရှမ်း/မြန်မာ) တို့မှာ အသစ်များ ဝင်ရောက်သော်လည်း လုပ်ငန်းသမားနှင့် ဆီစက် သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲပုတ်(မြန်မာ) ၃တင်းတစ်အိတ်၃၀၀၀၀၀ကျပ်မှ ၂၉၅၀၀၀ကျပ်သို့လည်းကောင်း၊ ပဲပုတ်(ရှမ်း) ၃၄၀၀၀၀ကျပ်မှ ၃၃၀၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

ကုလားပဲဈေးနှုန်းများအနေဖြင့် ဆောင်းပဲအသစ်များဝင်ရောက်မှုရှိခြင်း လုပ်ငန်းသမားနှင့် ပဲခွဲစက်များဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ကုလားပဲ(လုံးဖြူကြီး) ၃တင်းတစ်အိတ် ၂၃၀၀၀၀ကျပ်၊ ကုလားပဲ(ထိုင်ဝမ်) ၂၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကုလားပဲ(ခွဲခြမ်း)မှာ လက်ကျန်များခြင်း၊ ပဲစိုများပေါ်ချိန်ဖြစ်ခြင်း၊ အလှူပွဲများမှ ဝယ်ယူမှုနည်းခြင်းကြောင့် တစ်ပိဿာ ၆၃၀၀ကျပ်မှ ၆၀၀၀ ကျပ်သို့ ဈေးနိမ့်နေသည်။

ပဲယင်း၊ မြေတောက်ပဲတို့မှာ အသစ်ဝင်ရောက်မှုရှိခြင်း လုပ်ငန်းသမားဝယ်ယူမှုပုံမှန်သာရှိခြင်းကြောင့် ပဲယင်း ၃တင်းတစ်အိတ် ၁၉၀၀၀၀ ကျပ် မြေတောက်ပဲတစ်အိတ် ၂၈၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေပြီး စားတော်ပဲ(ကျွန်း)မှာ စိုက်ဧကနည်း အဝင်နည်းခြင်း လက်လီသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ်၃၃၀၀၀၀ကျပ်မှ ၃၆၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲကြီး(ကြီး/သေး) ထောပတ်ပဲ(ကြီး/သေး)တို့အနက် ပဲကြီး(ကြီး/သေး)နှင့် ထောပတ်ပဲ(သေး) မှာ ဆောင်းပဲများဝင်ရောက်မှုရှိခြင်း၊ လက်လီသမားနှင့် လှောင်သမားများ အဝယ်ရှိခြင်းကြောင့် ပဲကြီး (ကြီး)၃တင်းတစ်အိတ် ၂၉၀၀၀၀ကျပ်မှ ၂၈၀၀၀၀ကျပ် ပဲကြီး(သေး) ၂၄၀၀၀၀ကျပ်မှ ၂၂၀၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး) ၂၄၀၀၀၀ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေးအသီးသီးနိမ့်သွားသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

ခရမ်းချဉ်သီး(ရှမ်း/တောင်) ရာသီကုန်အဝင်မရှိတော့ဘဲ မုံရွာ၊ ညောင်ပင်ဝန်းဘက်မှ ထိုင်ဝမ်တစ်ပိဿာ ၁၀၀၀မှ ၁၅၀၀ကျပ်၊ မတ္တရာ၊ မိတ္ထီလာမှ မြန်မာသီး တစ်ပိဿာ ၁၅၀၀ကျပ်ဖြင့် နယ်ဝေးတင်ပို့ရမှုမရှိဘဲ မြို့တွင်းသုံးသာရှိနေသည်။ ငရုတ်စို (ရှည်နှင့် လတ်)မှာ မုံရွာ၊ ချောင်းဦးမှ အဝင်များလာခြင်း နယ်ဝေးတင်ပို့ရမှုမရှိခြင်း၊ ငပိထောင်း၊ လက်ဖက် သမားနှင့် မြို့တွင်းသုံးသာရှိခြင်းကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၂၈၀၀ကျပ်၊ ငရုတ်စို (လတ်) ၄၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ဟင်းသီးဟင်းရွက်များအနေဖြင့် အောင်ပန်းနှင့် မန္တလေးဝန်းကျင်မှ အဝင်များလာခြင်း ကြောင့် ပန်းမုံလာတစ်ပွင့် ၁၀၀၀ကျပ် ဂေါ်ဖီတစ်ထုတ် ၁၂၀၀ကျပ်၊ ဘိုစားပဲသီး တစ်ပိဿာ ၃၀၀၀ကျပ်၊ ပြင်ဦးလွင်မှ မုံလာဥနီတစ်ပိဿာ ၃၀၀၀ကျပ်ဖြင့် စားသောက်ဆိုင်နှင့် မြို့တွင်း စားသုံးမှုပုံမှန်ရှိနေ သည်။ သစ်သီးဝလံဈေးနှုန်းအနေဖြင့် ချောင်းဦး၊ ငါန်းဇွန်၊ မင်းကွန်းမှ ဖရဲသီးအဝင်ရှိပြီး ၃ပိဿာ တစ်လုံး ၄၀၀၀ကျပ်၊ မြစ်သားဘက်မှ ရွှေသခွားတစ်လုံး အရည်အသွေးပေါ် မူတည်၍

စာ-၁၅ သို့

# သဘာဝကပေးအစာနှင့်ဆေး



# စပါးလင်

## ကြေးမုံငယ်

သံပရာရနံ့ရှိပြီး စိတ်ရောကိုယ်ပါ လန်းဆန်းစေသည့် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အိမ်တိုင်း၏ စားဖိုဆောင်တွင် အသုံးပြုကြသည့် စပါးလင်သည် ဟင်းလျာများအတွက် ထူးခြားကောင်းမွန်သောရနံ့နှင့် အရသာကို ပေးစွမ်းနိုင်၏။ ယင်း၏ ပင်စည်များနှင့် အရွက်နုများသည် တောင်အာရှနှင့် အရှေ့အာရှဒေသတစ်ဝှမ်းလုံးရှိ အစားအစာ ချက်ပြုတ်ပြင်ဆင်ခင်းကျင်းမှုတွင် လူသုံးအများဆုံးသော ဟင်းခတ်အမွှေးအကြိုင်တစ်ဖြစ်လဲ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်၏။ စပါးလင်ပင်၏ အင်္ဂလိပ်အမည်မှာ Lemon grass ဟု ခေါ်ဆိုသကဲ့သို့ Oil grass, West Indian lemon grass နှင့် Fever grass ဟုလည်းခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Cymbopogon citratus ဟုခေါ်ဆိုပြီး မြက်မျိုးရင်းဝင် Poaceae တွင်ပါဝင်၏။ စပါးလင်ပင်သည် သမန္တေးပိုင်းနှင့် အပူပိုင်းရာသီဥတုရှိသောဒေသများ၊ တောင်အာရှနှင့် အရှေ့တောင် အာရှတွင် သဘာဝအလျှောက် ပေါက်ရောက်သော အပူပိုင်းမြက်ပင်မျိုးဖြစ်ပြီး ယင်း၏ မွှေးရနံ့နှင့် ဆေးဖက်ဝင် အာနိသင်များကြောင့် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနှင့် အမေရိကတိုက်ရှိ နိုင်ငံများအထိ ပျံ့နှံ့စိုက်ပျိုးလာခဲ့ကြ၏။

စပါးလင်ပင်သည် မြက်မျိုးနွယ်ပင်ဖြစ်သည့်အလျှောက် တစ်ပင်နှင့်တစ်ပင် စုပြုံ၍ပေါက်လေ့



ရှိ၏။ ယင်းသည် အမြင့်သုံးပေခန့်အထိ ရှင်သန်ကြီးထွားနိုင်ပြီး ပင်ခြေမှ အပင်သစ်လေးများ ပွားများပေါက်ရောက်၏။ သေးသွယ် ရှည်လျားပြီး တောက်ပသော အစိမ်းရောင် အရွက်များသည် ခပ်ရှရှချွန်သော ဘေးစွန်းများရှိ၏။ အပူပိုင်းရာသီဥတု၏ မိုးရွာသွန်းမှုကောင်းသောဒေသများရှိ မြေသြဇာကောင်းသော၊ စိမ့်ဝင်သောသဲမြေများတွင် ကောင်းမွန်စွာပေါက်ရောက် ဖြစ်ထွန်း၏။

စပါးလင်ပင်တွင် ဗီတာမင်၊ သတ္တုဓာတ်၊ အမျှင်ဓာတ်နှင့် ရေဓာတ်တို့ကြွယ်ဝစွာ ပါဝင်၏။ သတ္တုဓာတ်များ အနေဖြင့် အိုင်းယွန်း၊ ဇင့်၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ်နှင့် ဖော့စဖရပ်စ်တို့ ပါဝင်ပြီး ဗီတာမင်များအဖြစ် ဖိုလိပ်နှင့် ဗီတာမင်စီတို့ ပါဝင်သကဲ့သို့ အဆီကြမ်း၊ ပရိုတင်းကြမ်းနှင့် ပြာမှုန့်တို့လည်း ပါဝင်၏။ လတ်ဆတ်သော စပါးလင် တစ်ပန်းကန်လုံးတွင် အစာစွမ်းအင် ၆၆ ဒသမ ၃ ကယ်လိုရီ၊ ပရိုတင်း ၁ ဒသမ ၂၂ ဂရမ်၊ အဆီ သုညဒသမ ၃၃ ဂရမ်နှင့် ပိုတက်စီယမ် ၄၈၄ မီလီဂရမ်တို့ ပါဝင်၏။

စပါးလင်တွင် ဘက်တီးရီးယား



ပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်း၊ ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ နာကျင်ကိုက်ခဲ မှုကို သက်သာနိုင်စွမ်း၊ ချောင်းဆိုးခြင်းနှင့် အအေးမိခြင်းကို သက်သာနိုင်စွမ်း၊ အစာအိမ်အတွင်းရှိ အက်ဆစ်ဓာတ် လျော့နည်းနိုင်စွမ်းနှင့် ရနံ့မွှေးကုထုံးအာနိသင်များရှိသည်။

ခေါင်းကိုက်ခြင်း၊ ကြွက်သားနှင့် အရိုးအဆစ်များနာကျင်ခြင်း၊ ကူးစက် ရောဂါပိုးဝင်ခြင်း၊ အအေးမိခြင်း သို့မဟုတ် တုပ်ကွေးရောဂါများ သက်သာစေရန်အတွက် စပါးလင်ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုကြ၏။

အစာခြေဖျက်နိုင်စွမ်းအားကောင်းစေရန်နှင့် ကိုယ်တွင်းရှိအပူဓာတ်များလျော့ကျစေရန် ချွေးထုတ်ခြင်းတို့အတွက် စပါးလင်ကို ဆေးအဖြစ် စားသုံးကြ၏။

ရာသီဖျား၊ တုပ်ကွေးဖျားဝေဒနာရှင်တို့အတွက် ချိုးရေပြင်ဆင်ရာတွင်လည်းကောင်း၊ ကြပ်ထုပ်ထိုးရာ၌ လည်းကောင်း စပါးလင်ကို ဆေးတစ်မယ်အဖြစ် ထည့်သွင်းကာ အသုံးပြုကြတတ်ကြ၏။

ရိုးရာတိုင်းရင်းဆေးပညာရပ်အရ စပါးလင်ကို အကိုက်အခဲဖျားနာပျောက်ဆေးအဖြစ်လည်းကောင်း၊ ကိုယ်တွင်း ရောင်ရမ်းနာသက်သာစေရန်အတွက်လည်းကောင်း၊ ဘက်တီးရီးယားနှင့် မှိုရောဂါများကို ဆန့်ကျင်နိုင်သောဆေးအဖြစ် လည်းကောင်း၊ အာရုံကြောစနစ် ပုံမှန်လည်ပတ်စေနိုင်ရန်လည်းကောင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း ကျန်းမာရေး အတွက်လည်းကောင်း၊ အဖျားရောဂါအမျိုးမျိုးအတွက်လည်းကောင်း၊ ချောင်းဆိုးခြင်းနှင့် နှာပိတ်ခြင်းတို့အတွက် သက်သာစေနိုင်စွမ်းတို့အတွက် ဆေးအဖြစ် အသုံးပြုကြ၏။

စပါးလင်လက်ဖက်ရည်ကြမ်းတစ်ခွက်တွင် အစာစွမ်းအင်၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်နဲ့ ဆိုဒီယမ်တို့ ပါဝင်၏။ စပါးလင်လက်ဖက်ရည်ကြမ်းကို သောက်သုံးခြင်းဖြင့် အစာကြေစေခြင်း၊ လေကြေခြင်း၊ သွား၊ သွားဖုံးနှင့် ခံတွင်းကိုကျန်းမာစေခြင်း၊ ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းမွန်ကြံ့ခိုင်စေခြင်း၊ ပြင်ပမှရောဂါပိုးများ ကိုယ်ခန္ဓာအတွင်းသို့ မဝင်ရောက်နိုင်အောင်တားဆီးပေးခြင်း၊ သွေးနီဥထုတ်လုပ်ခြင်းအရေအတွက်ကို တိုးပွားစေရန် အထောက်အကူပြုခြင်း၊ သွေးအားနည်းရောဂါကို ဟန့်တားနိုင်ခြင်း၊ စိုးရိမ်စိတ်နှင့် စိတ်ဖိစီးမှုကို လျော့ကျစေခြင်း၊ သွေးဖိအားကို ပုံမှန်ဖြစ်စေခြင်း၊ အရေပြားကို ကျန်းမာစေခြင်းနှင့် ဆံကေသာနက်မှောင်တောက်ပြောင်စေရန် အထောက်အကူပြုနိုင် ခြင်း အစရှိသည့် ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်၏။

စပါးလင်ကို အစားအသောက်နှင့် အဖျော်ယမကာများတွင် ထူးခြားကောင်းမွန်သောရနံ့ ရရှိစေရန် အသုံးပြုကြသည်။ စပါးလင်မှ ရနံ့မွှေးဆီ ထုတ်လုပ်ကာ ရနံ့မွှေးကုထုံးတွင် အသုံးပြုကြ၏။ စပါးလင်မှရရှိသော Citronella oil ကို ခြင်ပြေးဖျန်းဆေး၊ ခြင်ပြေးလိမ်းဆေး၊ အင်းဆက်ပိုးသတ်ဆေး အဖြစ် ထုတ်လုပ်အသုံးပြုကြ၏။

စပါးလင်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်သာမက ဟင်းသီးဟင်းရွက်အဖြစ်ပါ စားဖိုဆောင်တွင် နေ့စဉ် အသုံးပြု လေ့ရှိကြ၏။

- မြန်မာလူမျိုးတို့ နှစ်ခြိုက်စွာ စားသုံးလေ့ရှိကြသည့် မုန့်ဟင်းခါးချက်လျှင် စပါးလင်သည် မပါမဖြစ်။ စပါးလင်ရနံ့သင်းသည့် မုန့်ဟင်းခါးဟင်းရည်ပူပူလေးနှင့် နံနက်ခင်းအတွက် အဆာပြေစားလိုက်ရမှ၊ မုန့်ဟင်းခါးဆိုလျှင် တစ်ရေးနိုးပဲ နှိုးကျွေးကျွေးစားမည်ဆိုသောအဖွဲ့များအတွက် စပါးလင်ကို နေအိမ်ခြံဝင်းအတွင်းတွင်သော်လည်းကောင်း၊ မြေအိုးလေးထဲတွင်လည်းကောင်း စိုက်ထားပါက လိုချင်သည့်အချိန် လတ်လတ်ဆတ်ဆတ် အလွယ်တကူ ခူးဆွတ် လိုက်ရုံပင်။

- ယခုလို ရာသီပြောင်းချိန်မှာ ခံစားဖြစ်ပွားတတ်ကြသော တုပ်ကွေးဖျားနာ၊ နှာပိတ်၊ ချောင်းဆိုးခြင်း ဝေဒနာများအတွက် လတ်လတ်ဆတ်ဆတ်ခူးထားသော စပါးလင်ကို ရေဆေး၊ ပါးပါးလှီးကာ နှစ်သက်ရာကြက်သား/ငါး/ ပုစွန်/ ပုစွန်ခြောက်

စာ-၁၅ သို့

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း မြစ်သားတွင်ဖွင့်လှစ်

မြစ်သား ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊အမှတ် ၆၄စက်မှုလယ်ယာစခန်းမှကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင် ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ် ၁/၂၀၂၅ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီခွဲက အဆိုပါ စက်မှုလယ်ယာစခန်း သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး၊ကျောက်ဆည်ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမိုးကျော်က စက်မှုလယ်ယာဦးစီးဌာန၏ လုပ်ငန်းဆိုင်ရာများနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးရားကိုင်ထန်းက တောင်သူလယ်သမားများနှင့်စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများအား ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို စနစ်တကျကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်အသုံးပြုနိုင်စေရန်၊လယ်ယာသုံးစက်ကိရိယာမောင်းနှင်ခြင်းလုပ်ငန်းကို ဒေသအလိုက်အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ်လုပ်ကိုင်နိုင်ကြစေရန်နှင့် ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်ခန်းစာများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၅ ရက်နေ့ထိ သင်တန်းကာလ ၁၂ ရက်ကြာ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု ဘာသာရပ် ၆ မျိုးဖြစ်သော အင်ဂျင်ဘာသာရပ်၊ လက်တွန်းထွန်စက်ဘာသာရပ်၊ထွန်စက်ကြီးဘာသာရပ်၊ရိတ်သိမ်းခြွေလှေ့စက်ဘာသာရပ်၊ ကောက်စိုက်စက်ဘာသာရပ်နှင့်ထွန်ယက်ကိရိယာများဘာသာရပ်များကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၈ ခုမှ သင်တန်းသား ၃၀ ဦးအား စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်းသိရှိရသည်။

AMD



စာ-၁၄ မှ

တို့နှင့် အတူရောပြီး သံပရာရည်ရွှဲရွှဲညှစ်၊ ကြက်သွန်နီပါးပါးလှီး၊ ငရုတ်သီးစိမ်း ခပ်ပါးပါးညှပ်ပြီး ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်တို့နှင့် သမအောင် ရောနယ်ပေးပါ။ ပူပူရှိန်းရှိန်းမွှေးမွှေးလေး အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် စပါးလင်သုပ်လေး ရပါပြီ။ ထမင်းဖြူနှင့်တွဲစားစား၊ ရေနွေးကြမ်း ပူပူလေးနှင့် တွဲဖက်စေကာ ချွေးစို့ပြီး လျှာရင်းမြက်စေမည့် ထမင်းဝိုင်းအတွက် ဟင်းတစ်မယ် တိုးစေပြီ။

- အသား/ငါး ဟင်းလျာများ ချက်ပြုတ်ရာတွင်လည်း စပါးလင်ကို ထုထောင်းထည့်ကာ ချက်ပြုတ်ခြင်းဖြင့် ဟင်းလျာ၏ ရနံ့ကို တိုးစေရုံမျှမက အာဟာရတန်ဖိုးကို မြင့်တက်လာစေကာ ခံတွင်းမြိန်စေ၏။

- ကိုယ်ခံစွမ်းအားမြှင့်တင်ဖို့ စပါးလင် လက်ဖက်ရည်ကြမ်း သောက်ကြဖို့





ပြင်ဆင်ကြရအောင်…

- လတ်ဆတ်သော စပါးလင် ၃ ပင်ကို ခူးဆွတ်ပြီးနောက် အပြင်ဖက်မှ ရင့်သည့်အဖတ်များကို ဖယ်ရှားပြီး သန့်စင်အောင် ရေဆေးပေးပါ။ အပေါ်ဘက်မှ အရွက်ပိုင်းများကို ဖယ်ရှားပြီး အောက်ဖက်မှ ပင်စည်နုနုတုတ်တုတ်လေးများကို တစ်လက်မအရွယ်ခန့်လှီးဖြတ်ထားပါ။
- အရသာအတွက် သကြားထမင်းစားဇွန်း ၂ ဇွန်း၊ အနံ့အတွက် အကွင်းလိုက် လှီးထားသော သံပရာ/သံပယိုသီး ၅ ကွင်း နှင့် အတူ ရေသန့်လီတာ ဝက်တို့ကို အသင့်ပြင်ထားပေးပါ။
- အိုးတစ်လုံးထဲသို့ ရေထည့်ပြီး ပွက်ပွက်ဆူအောင်တည်ပါ။ ပြီးလျှင် စပါးလင်ထည့်ပြီးငါးမိနစ်ကြာအောင် တည်ပေးပါ။ ထို့နောက်အပူချိန်ကို အလယ်အလတ်ထိ လျှော့ချပြီး နောက်ထပ် ငါးမိနစ်တည်ပေးပါ။
- ဖန်ခွက်ကြီးတစ်ခုထဲသို့ သကြားထည့်ကာပွက်ပွက်ဆူသော စပါးလင်ပြုတ်ရည်များကို ထည့်ပြီး သကြားပျော်သည်အထိမွှေပေးပါ။ (စပါးလင်အဖတ်များကို ဖယ်ရှားပေးပါ။) ခပ်နွေးနွေး သောက်သုံးလိုလျှင် သံပုရာရည်လေးညှစ်ပြီး သောက်သုံးနိုင်သကဲ့သို့ အအေးခံပြီးနောက် ရေခဲတုံးလေး များထည့်ကာ အအေးအဖြစ်လည်း သောက်သုံးနိုင်၏။
- ဖယ်ရှားထားသော စပါးလင်ဖတ်များကို အရိုးပြုတ်ရည်များ ပြုလုပ်ရာတွင်သော်လည်းကောင်း/ အရည် သောက်ဟင်းလျာများ ချက်ပြုတ်ပြင်ဆင်ရာတွင်လည်းကောင်း ထည့်သွင်းအသုံးပြုနိုင်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် စပါးလင်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထား ပြီး ရာသီချိန်ခါနှင့် အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

ကြေးမုံငယ်

စာ-၁၃ မှ

၂၀၀၀ မှ ၃၀၀၀ ကျပ်၊ ဖရဲ/သခွား ၃၀၀၀ကျပ်မှ ၄၀၀၀ကျပ်၊ ညောင်ပင်ဝန်းမှ သင်္ဘောသီးတစ်လုံး ၁၅၀၀ကျပ်မှ ၂၀၀၀ ကျပ်ဖြင့် ပြင်ဦးလွင်၊ တန့်ဆည်၊ ရွှေဘို၊ မိတ္ထီလာနှင့် အမှာရှိ သောမြို့များသို့ တင်ပို့မှုရှိသည်။

ပြင်ဦးလွင်မှ ထောပတ်သီးများ အဝင်နည်းသွားခြင်းကြောင့် ၁၂၀လုံးပါ ပိုက်အိတ် တစ်အိတ် ၃၅၀၀၀ကျပ်မှ ၄၅၀၀၀ကျပ်ထိ ဈေးမြင့်သွားသည်။ ပျားလိမ္မော်(ရွှေလိမ္မော်) ဈေးနှုန်းမှာ လိမ္မော် ၁၀ ပိဿာ တစ်ခြင်း ၁၄၀၀၀၀ကျပ်၊ ရွှေလိမ္မော် ၄၀လုံးပါ တစ်ဖာ ၃၅၀၀၀ကျပ်၊ ရွှေလိမ္မော် ၁၀လုံး ၆၀၀၀ကျပ်မှ ၈၀၀၀ကျပ်၊ ယိုးဒယားပန်းသီးအကြွပ် ၁၀၀လုံးပါ တစ်ဖာ ၁၅၀၀၀၀ကျပ်၊ ရမည်းသင်း စပျစ်သီး တစ်ပိဿာ ၁၁၀၀၀ကျပ် ဈေးဖြင့် မြို့တွင်းသုံးနှင့် အမှာရှိသောမြို့များသို့ နယ်စုံတင်ပို့မှု ရှိသည်။

## ဂုံနှင့် အစေ့ထုတ်ပြောင်း


ဂုံအသစ်မဝင် သေးခြင်း၊ လက်ကျန်နည်းခြင်း၊ ဂုံစက်များ ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် မြင်းမူ၊ မြောင်၊ ငါန်းဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို ဒေသထွက် ဂုံများမှာ ၃တင်း တစ်အိတ် ၂၂၀၀၀၀ကျပ်မှ ၂၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ရှမ်းဂုံမှာ ဂုံထွက်နည်းသဖြင့် အရောင်းအဝယ် အေးခြင်းကြောင့် ၃တင်းတစ်အိတ် ၂၀၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကြူကုတ်ဂုံမှာ ၁၈၀၀၀၀ ကျပ်၊ ညစေးလျဂုံမှုန့် တစ်ပိဿာ ၃၇၀၀ကျပ်ဖြင့် လုပ်ငန်းသမားများ ဝယ်ယူမှု ပုံမှန် ရှိနေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ဆောင်းပြောင်းအသစ်များ ဝင်ရောက်သော်လည်း အဝင်နည်းခြင်း၊ လုပ်ငန်းသမားနှင့် အစာစပ်သမား ဝယ်ယူမှု ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၈၄၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ခင်မေကြည်

မြန်မာနိုင်ငံသည် ဆန်ကို အဓိကစားသုံးသော နိုင်ငံဖြစ်သည့်အလျောက် စားနပ်ရိက္ခာ ဖူလုံရေး အတွက် ဆန်စပါးထုတ်လုပ်မှုသည် အရေးကြီးသည့်နေရာတွင် ပါဝင်လျက်ရှိပါသည်။ ထို့အတူ စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် အရည်အသွေးကောင်း၍ အထွက်ကောင်းသော စပါးမျိုးများကို ရှာဖွေဖော်ထုတ် စိုက်ပျိုးကြရမည်ဖြစ်ပါသည်။

ဤတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ YSR-1 (စပါး ဗီဇငြိမ်လိုင်းများမွေးမြူရွေးချယ်ခြင်း၊ ၂၀၂၀ခုနှစ်နွေရာသီမှ ၂၀၂၁ခုနှစ်နွေရာသီထိ အထွက်ယှဉ်ပြိုင် စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊ ၂၀၂၁ခုနှစ်မိုးရာသီနှင့် ၂၀၂၂ခုနှစ် နွေရာသီတို့တွင် တောင်သူစိုက်ကွင်းများတွင် အထွက်နှုန်းယှဉ်ပြိုင်စမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ခုနှစ် မိုးရာသီမှ ၂၀၂၃ခုနှစ် နွေရာသီထိ မျိုးသစ်အသိအမှတ်ပြု လက်မှတ် ရရှိရေးအတွက် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီမှ ချမှတ်သည့်အတိုင်း စပါးသီးနှံသုတေသနဗဟိုဌာန (ရေဆင်း)၊ ကျောက်ဆည်သုတေသနခြံ၊ ဒေသသုတေသန ဗဟိုဌာန (မြောင်းမြ) တို့တွင် လက်ရှိစပါးမျိုးများထက် သာလွန်ကောင်းမွန်ခြင်း ရှိ/မရှိ စပ်းသပ် စိုက်ပျိုးခဲ့ကြောင်းလည်း သိရှိ ရပါသည်။



ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ဒေသတွင် အောင်နိုင်တိုး စပါးစိုက်ပျိုးဖြစ်ထွန်းမှု

မျိုးသစ်)ကို ရှာဖွေ ဖော်ထုတ်နိုင်ခဲ့ကြောင်းနှင့် ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာတွင် YSR-1 (စပါးမျိုးသစ်)အမည်အား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "အောင်နိုင်တိုး"ဟု အမည်ပေး ညွှန်ကြားမှု ပြုခဲ့ပါသည်။

အောင်နိုင်တိုးစပါးမျိုး၏ အရည်အချင်းလက္ခဏာများမှာ အသက်ရက် ၁၂၀ ရက်ခန့်ရှိခြင်း၊ အနှံပါပင်ပွား-၁၄၊အနှံအရှည်(စင်တီမီတာ)-၂၆ ဒသမ ၄၀၊တစ်နှံပါသီးလုံး-၁၈၀၊ တစ်နှံပါအောင်စေ့- ၁၆၃၊ အောင်စေ့ရာခိုင်နှုန်း-၉၀၊ စပါးလုံးအုပ်စု- ညှော့မထ အမျိုးအစားထဲတွင် ပါဝင်ပါသည်။ ထူးခြားကောင်းမွန်သည့် လက္ခဏာများမှာ အသက်လျင်ခြင်း ၊ အထွက်ကောင်းခြင်း၊ စားသုံးမှု ကောင်းမွန်ခြင်း၊ ဆန်သားကြည်လင်ခြင်း၊ ဂုတ်ကျိုးရောဂါနှင့် ဖြုတ်ညိုပိုးဒဏ် အသင့်အတင့် ခံနိုင်ရည်ရှိခြင်းတို့အပြင် ဆည်ရေသောက်၊ မိုးရေသောက်ဒေသများတွင် စိုက်ပျိုးနိုင်ပြီး နွေရာသီ၊ မိုးရာသီ နှစ်ရာသီလုံးတွင် စိုက်ပျိုးနိုင်ကြောင်း သိရှိရပါသည်။

အောင်နိုင်တိုး စပါးမျိုးသစ်ရရှိရန် မတူညီသော မိဘမျိုး ၆ မျိုး (SAT 15R (အထွက်ကောင်းခြင်း)၊IRRI 154 (အထွက်ကောင်းခြင်း)၊ MR 219 (အထွက်ကောင်းပြီး ဆန်အလျားရှည်သွယ်ခြင်း)၊ ဆင်းဧကရီ-၃ (အထွက်ကောင်းပြီး ဆန်အလျားရှည်သွယ်ခြင်း)၊ IR 10L 139 (အထွက်ကောင်းခြင်း)၊ ရွှေသွယ်ရင် (အသက်လျင်ခြင်း) တို့ဖြင့် ၂၀၁၅ခုနှစ် မိုးရာသီမှစ၍ ၂၀၁၆ခုနှစ် မိုးရာသီထိ အဆင့်ဆင့် မျိုးကူးစပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ခုနှစ် နွေရာ သီမှ ၂၀၁၉ခုနှစ် နွေရာသီအထိ သတ်မှတ်လက္ခဏာများပါဝင်သော ဗီဇငြိမ်လိုင်းများ ရရှိသည် အထိ အဆင့်ဆင့်မျိုးမွေးမြူခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် နွေရာသီတွင်

စမ်းသပ်ချက်များအရ YSR-1 (စပါးမျိုးသစ်)သည် သက်တမ်း ၁၂၀ ရက်ခန့်ရှိခြင်း၊ ပျမ်းမျှ အထွက်နှုန်း ၁၄၀-၁၇၀ (တင်း/ဧက)ရှိ၍ အလားအလာကောင်းသောမျိုးဖြစ်ကြောင်း သုံးသပ်တွေ့ ရှိခဲ့ကြပါသည်။ အဆိုပါမျိုးသစ်သည် ၂၀၂၃ခုနှစ်တွင် ကျင်းပသော ၂၆ ကြိမ်မြောက် မျိုးစေ့ဆိုင်ရာ အမျိုးသား ကော်မတီတွင် မျိုးသစ်အသိအမှတ်ပြု လက်မှတ် ရရှိခဲ့ပါသည်။

၂၀၂၄ခုနှစ် နွေရာသီတွင်စတင်၍ ပဲခူးတိုင်းဒေသကြီးရှိ တောင်သူစိုက်ကွင်းများတွင် စိုက်ပျိုးခဲ့ရာ ပျမ်းမျှ အထွက်နှုန်း ၁၂၈ ဒသမ ၇၆ တင်းထွက်ရှိခဲ့ပါသည်။ ၂၀၂၄ခုနှစ် မိုးရာသီတွင် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် ဧက ၈၉၄၄ စိုက်ပျိုးခဲ့ရာ လက်ရှိ ရိတ်သိမ်းပြီးစီးသည်အထိ အထွက်နှုန်းအမြင့်ဆုံး ၁၆၄ တင်းနှင့် ပျမ်းမျှ တစ်ဧကအထွက်နှုန်း ၁၀၇ ဒသမ ၆၂တင်း ထွက်ရှိနေပြီ ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုပါက မြန်မာတစ်နိုင်ငံလုံး၏ ဝမ်းစာဖူလုံရုံမက ပိုလျှံဆန်များကို ပြည်ပတင်ပို့၍ နိုင်ငံခြားဝင်ငွေရရှိနိုင်သည့်အပြင် တောင်သူများအတွက်လည်း ဝင်ငွေတိုးတက်လာစေမည့် စားသုံးမှုအရည်အသွေးကောင်း၍ အထွက်နှုန်းကောင်းမွန်သော အောင်နိုင်တိုး စပါးမျိုးအား တိုးချဲ့စိုက်ပျိုးသွားဖို့ တိုက်တွန်း အကြံပြုလိုက်ရပါသည်။

ဖိုးစပါး(စိုက်ပျိုးရေး)